ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ (12-1-2006)(၄၈၃၈)

ပြည်တွင်းပြည်ပ အဖျက်သမားများ၏ နှောင့်ယှက်မှုအန္တရာယ်ကြောင့် တိုင်းပြည်အတွက် မည်မျှပင်ကြီးမားသောအခက်အခဲအန္တရာယ်နှင့် တွေ့ကြုံရင်ဆိုင်ရစေကာမူ ပြည်သူ၊ အစိုးရနှင့် တပ်မတော် သုံးလွန်းတင် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ထိုအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့။

တစ်ခဲနက် ကြွေးကြော်

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရရပ်တည်ရန် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရန် လိုအပ်လျက်ရှိ အမျိုးသားညီလာခံကြီးကို လေးနက်ကျယ်ပြန့်သည့် တွေ့ဆုံဆွေးနွေးပွဲအဖြစ် ဆောင်ရွက်နေ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ဆောင်ရွက်ပြီးပါက မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးကြီးကို ယနေ့နံနက် ၇နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်း၌ကျင်းပသည်။

တက်ရောက်

အဆိုပါလူထုအစည်းအဝေးကြီးသို့ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကရင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြိုင်ကြီးငူအထူးဒေသ၊ ဘုရားကုန်းငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ သံတောင်(တောင်) (မြောက်) ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ ဟောင်းသရော ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ ကော့ကရိတ်ခရိုင်၊ဘားအံခရိုင်၊မြဝတီခရိုင်တို့မှ တိုင်းရင်းသားပြည်သူများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘားအံမြို့နယ်အတွင်းရှိ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၁၂-၁-၂၀၀၆
(ကြာသပတေးနေ့)

ဆည်တမံရေထိန်းတံခါးများတိုးမြှင့်တည်ဆောက် သီးနှံစိုက်စွမ်းအား တိုးတက်လာရေး ကြိုးပမ်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကို အခြေခံကျကျ မြှင့်တင်နိုင်ခြင်းဖြင့် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုကို ထိရောက်စွာ ထောက်ကူပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ရေသယံဇာတအရင်းအမြစ်များကို ခေတ်မီနည်းပညာများဖြင့် ဖော်ထုတ်၍ စိုက်ပျိုးရေးကဏ္ဍ သီးနှံထုတ်လုပ်မှု မြင့်မားလာရေး အစီအမံများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။ ရေမြေဒေသ အခြေအနေပေးမှုများအရ ဆည်မြောင်းတာတမံ၊ ရေထိန်းတံခါး စီမံကိန်းများ၊ မြစ်ရေတင် စီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသွားသည့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရှိ သုံးခွရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၈ ရက်နေ့က ကျင်းပခဲ့သည်။ အဆိုပါ ရေထိန်းတံခါးတွင် ကွန်ကရစ် ရေထုတ်ရေထိန်းတံခါး ၂၁ ပေါက်ပါရှိပြီး ရေခေါ်မြောင်းမကြီးမှာ အလျားပေ ၇၀၀ နှင့် ရေထုတ်မြောင်းမကြီးမှာ အလျားပေ ၆၀၀ ရှိသည်။

သုံးခွ ရေထိန်းတံခါးကို တည်ဆောက်ဖွင့်လှစ်လိုက်သည့်အတွက် ရေတော်မိုးတော်ဧကအဖြစ် ဧက ၁၅၀၀၀ တွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ပြီး ခရမ်း၊ သုံးခွနှင့် သန်လျင်မြို့နယ်များ၏ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို ပိုမိုအကျိုးပြုနိုင်မည်ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေရရှိရေး၊ သီးနှံအထွက်နှုန်းများ မြင့်မားလာရေး၊ မြေယာသစ်များ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးနိုင်ရေး၊ သီးနှံစိုက်စွမ်းအား တိုးတက်လာရေးတို့အတွက် အားပေးကူညီလျက်ရှိသည်။ ထို့အပြင် တောင်သူလယ်သမားများ ခေတ်မီစိုက်ပျိုးမှုအတတ်ပညာများနှင့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်သီးနှံများ သုံးစွဲဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် လျှော့နည်းရေးနှင့် အလေအလွင့် နည်းပါးရေးတို့အတွက်လည်း ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ ရန်ကုန်တိုင်းအတွင်း၌ ရေလှောင်တမံ ၁၁ ခုနှင့် ရေထိန်းတံခါးစီမံကိန်းခြောက်ခုကို တည်ဆောက်ပေးပြီးဖြစ်ရာ လယ်မြေဧက နှစ်သိန်းခုနစ်သောင်းလေးထောင်ကျော်ကို စိုက်ပျိုးရေပေးဝေ အကျိုးပြုနေပြီဖြစ်သည်။

ရန်ကုန်တိုင်းသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် သီးနှံစိုက်စွမ်းအား ၁၃၅ ရာခိုင်နှုန်းရှိပြီး နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး ဖြည့်ဆည်းပေးနေသည့် တိုင်းတစ်တိုင်းဖြစ်သည်။ ယခုကဲ့သို့ သုံးခွရေထိန်းတံခါးအပါအဝင် တိုင်းအတွင်းရှိ ရေလှောင်တမံ၊ ရေထိန်းတံခါးများ၏ ထောက်ကူမှုများဖြင့် ရန်ကုန်မြို့တော်မိုင် ၃၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံး၌ စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ဆည်တမံပေါင်း ၁၈၁ ခုကို တည်ဆောက်ပေးထားပြီးဖြစ်ရာ လယ်ယာစိုက်ပျိုးမှုတွင် ရေသွင်းစိုက်ပျိုးနိုင်မှုပမာဏသည် တစ်နိုင်ငံလုံး၌ သီးနှံအသားတင်စိုက်ပျိုးဧရိယာဧက ၂၈ သန်းကျော်၏ ၁၉ ရာခိုင်နှုန်းအထိ ရှိလာခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍ၌ အဓိကကျသည့် သီးနှံ ၁၀ မျိုးကို ပန်းတိုင်အထွက်နှုန်းများသတ်မှတ်ပြီး တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် စက်မှုကုန်ကြမ်းဖြစ်သည့် ရော်ဘာတိုးချဲ့စိုက်ပျိုး ရေး၊ အမယ်သစ်သီးနှံများဖြစ်သည့် ငရုတ်ကောင်း၊ ကော်ဖီ၊ လက်ဖက်၊ ကြက်သွန်၊ ချင်း(ဂျင်း) သီးနှံများ စိုက်ပျိုးပြီး ပြည်ပသို့ ရောင်းချနိုင်ရေးတို့ကိုလည်း အားပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု မြင့်မားလာရေးအတွက် ဆည်တမံ၊ ရေထိန်းတံခါးများကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးမှုများနှင့်အတူ တောင်သူလယ်သမားများအနေဖြင့် သီးနှံစိုက်စွမ်းအား တိုးတက်လာရေးအတွက် အလေးထား ကြိုးပမ်းစိုက်ပျိုးသွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ္ဍာ/အခွန် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကုန်သေတ္တာစစ်ဆေးရေးစခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီ ၉ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ကျောက်တန်းမြို့နယ်ရှိ သီလဝါ ကုန်သေတ္တာစစ်ဆေးရေးစခန်း MITT သို့ရောက်ရှိပြီး X-Ray Machine စက်တပ်ဆင်ရန် ပြင်ဆင်ထားသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့်သက်ဆိုင်ရာ တာဝန်ခံအရာရှိများက စက်တပ်ဆင်ဆောင်ရွက်မည့် အစီအမံများ၊ ကုန်သေတ္တာစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ဗိုလ်အောင်ကျော် ကုန်သေတ္တာစခန်းသို့ ရောက်ရှိပြီး X-Ray Machine စက်ဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ မြန်ဆန်ချောမွေ့စေရေးအတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်မှုများကိုကြည့်ရှုပြီး စနစ်တကျ မှန်ကန်စွာဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အလုံ AsiaWorld ကုန်သေတ္တာစစ်ဆေးရေးစခန်း AWPT ရှိ X-Ray Machine စက်တပ်ဆင်ရန် ပြင်ဆင်ထားသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကျောက်တန်းမြို့နယ်ရှိ သီလဝါ ကုန်သေတ္တာစစ်ဆေးရေးစခန်းတွင် X-Ray Machine စက် တပ်ဆင်ရန် ပြင်ဆင်ထားသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။
(ဘဏ္ဍာ/အခွန်)

တရားတော်များ ဟောကြားချီးမြှင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်းရှိ (၆)ရပ်ကွက်လုံးဆိုင်ရာ ဇဟိုဓမ္မာရုံတော်ကြီးတွင် ဦးခင်မောင်ဝင်း-ဒေါ်စန်း၊ ဦးအေးကို-ဒေါ်တင်တင်မြင့် မိသားစုတို့၏ တရားအလှူပွဲအဖြစ် ဇန်နဝါရီ ၁၃ ရက်တွင် ကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟင်္သာ)၊ ၁၄ရက်တွင် အရှင်ဇဝန(မေတ္တာရှင်)နှင့် ၁၅ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်)တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။
(က-ပ)

ဇဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၇ရက် နံနက်ပိုင်းတွင် အမျိုးသားညီလာခံအား ဂုဏ်ပြုထောက်ခံသောအားဖြင့် နာနတ်တော-မြေနီကုန်း ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ဒီမောဆိုမြို့နယ် ဒေါတော်ကူးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်အားပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် ဒေါ်ပေါ်ကူးကျေးရွာ ရေအားလျှပ်စစ်စက် တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအရောက် မီးကြိုးဆက်သွယ်ရေးနှင့် ရေပိုက်သွယ်ယူရေးတို့အတွက် အလှူငွေ ကျပ် ၁၀ သိန်းနှင့် ဆေးဝါးများ၊ အဝတ်အထည်များ လှူဒါန်းခဲ့သည်။

ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် လှူဒါန်းပွဲအခမ်းအနားကို တက်ရောက်အမှာစကားပြောကြားသည်။

လှူဒါန်းပွဲတွင် ဗဟိုအလုပ်အမှုဆောင်က အခြေခံပညာ အလယ်တန်းကျောင်း သုံးကျောင်းအတွက် ကွန်ပျူတာသုံးစုံနှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စေတနာ့ဝန်ထမ်းကျောင်းတွင် စာသင်ကြားပေးသည့် ဆရာ၊ ဆရာမ ၅၁ဦးအတွက် ဆန်အိတ် ၅၁ အိတ် လှူဒါန်းသည်။

စိုက်ပျိုး

ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ခြံစည်းရိုးကြက်ဆူပင် ဧက ၂၀စိုက်ပျိုးပွဲသို့ တက်ရောက်စိုက်ပျိုးကြသည်။ (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၁၇) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၁၇)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ ဂျာနယ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည့်သတင်း၊ တက္ကသိုလ်မြတ်သူ၊ ကျော်ဇင်ညွှန့်(တရားရုံးချုပ်ရှေ့နေ)၊ ဒေါက်တာလှမောင်(စီးပွားရေး)၊ ဖိုးလှမင်း၊ မောင်ကွန်ပျူတာ၊ ကြည်လင်း(ဆေး)၊ ဝေမှူးတင် (သုတေသန)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ ပါမောက္ခ ဦးအေးမြင့်(ပထဝီဝင်)တို့၏ မှတ်ဖွယ်မှတ်ရာဆောင်းပါးများ၊သိပ္ပံစိုးမြင့်နိုင်၏ ကဗျာ၊ သန့်သီရိညွန့်၏ မြန်မာစာအုပ်အညွှန်း၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဇန်နဝါရီ ၁၁

(၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း၌ ဇန်နဝါရီ ၁၈ရက်မှ ၂၄ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညီလာခံတွင် (၅၂)ကြိမ်မြောက် ဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား ဇန်နဝါရီ ၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းအဆောက်အအုံ၌ ဆေးပြခန်းများ နေရာချထားပေးရေးနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ သတ္တုတွင်းထွက်သယံဇာတကဏ္ဍ

တပ်မတော်အစိုးရလက်ထက် သတ္တုတွင်းထွက်သယံဇာတများ တိုးတက်ထွက်ရှိ

သတ္တုတွင်းထွက်သယံဇာတများ တိုးတက်ထွက်ရှိလာ

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ဟာပွတ်ကျေးရွာ တစ်ဝိုက်တွင် တွေ့ရှိရသော ကျောက်မီးသွေးများကို စက်ကြီးများဖြင့် တူးဖော်နေစဉ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ရေမြေသဘာဝ သယံဇာတပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ရေမြေသည် အလွန်အဖိုးတန်သော သယံဇာတများဖြစ်၍ ထိရောက်စွာ အသုံးချနိုင်သည်နှင့်အမျှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုပေသည်။

မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ကုန်းမြင့်နှင့်တောင်တန်းဒေသများ၊ တနင်္သာရီ တောင်တန်းဒေသတို့သည် သက်ရင့်ကျောက်များဖြင့် ဖြစ်တည်နေသော မြေသယံဇာတများ ဖြစ်သည်။ ထို့ကြောင့် အဆိုပါဒေသများတွင် ပတ္တမြား၊ နီလာ၊ ကျောက်နီ စသော အဖိုးတန်ကျောက်မျက်ရတနာများနှင့် ငွေ၊ ခဲ၊ သွပ်၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ကြေးနီ၊ ခရိုမိုက်၊ ပလက်တီနမ်နှင့် မဂ္ဂနီ(စ်) စသော တွင်းထွက်ပစ္စည်းများ ထွက်ရှိပေသည်။

မြန်မာနိုင်ငံ၏ မြောက်ပိုင်း ကချင်ပြည်နယ်ရှိ သက်ရင့်ကျောက်များမှ အဖိုးတန်ကျောက်စိမ်းရတနာများထွက်ရှိသည့်အပြင် ရွှေနှင့် အခြား တွင်းထွက်ရတနာများလည်း အမြောက်အမြား ထွက်ရှိပေသည်။ တပ်မတော်အစိုးရလက်ထက်တွင် အဆိုပါအဖိုးတန်တွင်းထွက်ရတနာများ တိုးတက်ထွက်ရှိစေရန်အတွက်တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဖက်စပ်လုပ်ကိုင်ခြင်း၊ လုပ်ကွက်များချထားပေးခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာ သတ္တုတွင်းထွက် သယံဇာတများ နှစ်စဉ်တိုးတက်ထွက်ရှိလာသည်။

တပ်မတော် အစိုးရလက်ထက်တွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အဖိုးတန်တွင်းထွက် သယံဇာတများကို နှစ်စဉ်ရှာဖွေဖော်ထုတ်လျက်ရှိသဖြင့် သတ္တုတွင်းထွက် သယံဇာတများ ယခင်နှင့်မတူ တိုးတက်ထွက်ရှိလာမှုတို့ကို ဖော်ပြပါဇယားတွင် ကြည့်ရှုလေ့လာခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

တိုးတက်ထွက်ရှိလာသော သတ္တုတွင်းထွက် သယံဇာတများ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ရွှေစင်ထွက်ရှိမှု(ထရိုင်အောင်စ)	၄၃၈.၇၈	၄၂၃၇	၃၇၉၈
၂	ရွှေကြမ်းထွက်ရှိမှု(ထရိုင်အောင်စ)	၈၁၈.၉၁	၂၆၈၄	၁၈၆၉
၃	သန့်စင်ခဲမဖြူထွက်ရှိမှု(မက်ထရစ်တန်)	၂၄၁.၂၄	၄၉၃	၂၅၂
၄	ခဲသတ္တုရိုင်းထွက်ရှိမှု(မက်ထရစ်တန်)	-	၂၀၉	၂၀၉
၅	သွပ်သတ္တုရိုင်းထွက်ရှိမှု(မက်ထရစ်တန်)	-	၆၀၂၀	၆၀၂၀
၆	ခဲသွပ်သတ္တုရိုင်းထွက်ရှိမှု(မက်ထရစ်တန်)	-	၄၂၇၃	၄၂၇၃
၇	ခဲသွပ်သတ္တုသန့်စင်ထွက်ရှိမှု(မက်ထရစ်တန်)	-	၂၂၈	၂၂၈
၈	ကြေးနီကြမ်းထွက်ရှိမှု(မက်ထရစ်တန်)	-	၂၉	၂၉
၉	ထုံးကျောက်(စက်မှု)ထွက်ရှိမှု(မက်ထရစ်တန်)	၆၇၄၁၆	၂၁၅၈၃၄	၁၄၈၄၁၈
၁၀	ထုံးကျောက်(အလှဆင်)ထွက်ရှိမှု(မက်ထရစ်တန်)	-	၂၇၆၂	၂၇၆၂

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု ပေါက်မြို့နယ်၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါက်မြို့နယ်လေယာဉ်ကွင်းလမ်း ကတ္တရာလမ်းသစ်၊ မြို့တိုးချဲ့ရေပေးရေး၊ စက်ရေတွင်းသစ်၊ မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှုအထိမ်းအမှတ်ဆိုင်းဘုတ်ဖွင့်ပွဲနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းဖွင့်ပွဲများကို ဇန်နဝါရီ ၃ ရက်တွင် ကျင်းပခဲ့သည်။

ပေါက်မြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားကို ယင်းနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းရှိန်နှင့် ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကတ္တရာလမ်းသစ်ဖွင့်

ဆက်လက်၍ ပေါက်မြို့ လေယာဉ်ကွင်းအဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကိုကျင်းပရာ ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမြင့်မြတ်၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်စိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါကတ္တရာလမ်းသစ်မှာ အရှည်ပေ ၅၈၀ရှိပြီး နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်၂၅ဒသမ ၁၆သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ ရေရရှိမှုအထိမ်းအမှတ်ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးကိုကိုနှင့် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မြို့နယ်လုံးကျွတ် ကျေးလက်ဒေသရေရရှိရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့တိုးချဲ့ရေပေးရေး ဖွင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ မကွေးတိုင်းဥက္ကဋ္ဌ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ်နှင့် မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

၎င်းမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းကို နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၃၂၃သိန်းဖြင့် လေးလက်မ စက်ရေတွင်းများ တူးဖော်ခြင်း၊ ၅၀ KVA ထရန်စဖော်မာ တပ်ဆင်ခြင်း၊ ဂါလန် ၄၅၀၀ဆံ့ ရေစင်တစ်ခု၊ ဂါလန်၄၅၀၀ဆံ့ အုတ်ရေကန် နှင့် ဂါလန် ၁၅၀၀ဆံ့ အုတ်ရေကန်တို့ ဆောင်ရွက်ခဲ့သည်။

(သတင်းစဉ်)

မင်္ဂလာဈေးဓမ္မာရုံ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ မင်္ဂလာဈေးဓမ္မာရုံတော်ကြီးတွင် ဝါပအထူးတရားဓမ္မသဘင်ပွဲအဖြစ် ဇန်နဝါရီ၁၂ရက်တွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ သုနန္ဒ(စွန်းလွန်းဆရာတော်)၊၁၅ရက်တွင် အရှင်ဇဝန(မေတ္တာရှင်)ရွှေပြည်သာ၊၂၀ရက် ပထမပွဲ တွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တ ကုလ္လပါလ(ရမ္မာဝတီဆရာတော်)၊ ၂၀ရက်(ဒုတိယပွဲ)နှင့်၂၁ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒတို့က တရားတော်များကို ညစဉ် ၇ နာရီမှစ၍ ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများနှိုးဆော်

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့်ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်သည်။

ဝတ္ထုရှည်နှင့် ဝတ္ထုတိုပြိုင်ပွဲဝင်သူများသည် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်နှင့် ဘောင်ဝင်အောင် ရသမြောက်စွာရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ်သတ်မှတ် ပေးထားခြင်းမရှိဘဲ မိမိနှစ်သက်ရာခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ဝတ္ထုရှည်ကိုစာလုံးရေ ၅၀၀၀၀ မှ ၇၀၀၀၀ အတွင်းရေးသားကြရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဝတ္ထုတိုကို စာလုံးရေ ၄၀၀၀ မှ ၁၀၀၀၀အတွင်း ရေးသားကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို စာလုံးရေ၃၀၀၀မှ ၅၀၀၀အတွင်း ရေးသားရမည်ဖြစ်ပြီး ဆောင်းပါးအတွက် သတ်မှတ်ပေးထားသော ခေါင်းစဉ်မှာ "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" ဟူ၍ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများတွင် ဆုရရှိထားသည့် စာမူ၊ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်းကတိဝန်ခံချက်၊ စာရေးသူ၏ ကိုယ်ရေးအတ္ထုပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံပတ်စ်ပို့အရွယ် (၂လက်မခွဲ x ၂လက်မ)နှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများကို စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့လိပ်မူ၍ ဇန်နဝါရီ ၁၅ ရက်နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၀၆ (ကြာသပတေးနေ့)

၁၃၆၇ခုနှစ် ပြာသိုလဆန်း ၁၄ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၀၀ ၆။ အတီးပြိုင်ပွဲ

၈:၁၀ ၇။ အကပဒေသာ

၈:၂၀ ၈။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Let's Go.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ- တတိယနှစ်(ရူပဗေဒအထူးပြု)(ရူပဗေဒ)

၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၅:၂၅ ၇။ မြန်မာစာ၊မြန်မာစကား

၅:၃၅ ၈။ **"ဆွေမျိုးတော်ပေမယ့်" (ဒုရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဗေဒါ) [ဒါရိုက်တာ-သက်တင်]**

၅:၄၀ ၉။ တေးဂီတအစီအစဉ်

၅:၅၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်

၆:၀၀ ၁၁။ ညနေခင်းသတင်း

၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၃။ အကပြိုင်ပွဲ

၆:၄၅ ၁၄။ တေးဂီတအစီအစဉ်

၇:၀၀ ၁၅။ အတီးပြိုင်ပွဲ

၇:၁၅ ၁၆။ ဝင်ငွေတိုး၍ဒေသဖွံ့ဖြိုးစေမည့် ဆင်းရွှေလီ(အပိုင်း-၈)

၇:၃၀ ၁၇။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ (အပိုင်း-၄)

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကူညီချင်လွန်းလို့" (အပိုင်း-၁) (လွင်မိုး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ကျော်ဇောလင်း)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

တယ်လီဖုန်းနှင့် အီး-မေးလ်ကြားဖြတ်ထောက်လှမ်းမှု ဥပဒေနှင့်မညီညွတ်ကြောင်း ကန်ကွန်ဂရက်က သုံးသပ်ကြောင်းဖော်ပြ

ဝါရှင်တန် ဇန်နဝါရီ ၁၀

တယ်လီဖုန်းနှင့် အီး-မေးလ်ဆက်သွယ်မှုများကို ကြားဖြတ်ခိုးဝှက်ထောက်လှမ်းမှုသည် လုပ်သင့်သည့် ကိစ္စအဖြစ် သမ္မတဘုရှ်အစိုးရအဖွဲ့က အကြောင်းပြပြောဆိုသော်လည်း ယင်းလုပ်ရပ်သည် တည်ရှိနေဆဲဖြစ်သော တရားဥပဒေများနှင့် ကိုက်ညီမှုမရှိဟု အမေရိကန်ကွန်ဂရက်လွှတ်တော် သုတေသနဌာနက သုံးသပ်ကြောင်း စနေနေ့တွင် ထုတ်ဝေသည့် ဝါရှင်တန်ပို့စ် သတင်းစာတွင် ဖော်ပြခဲ့သည်။

ဂျပန် အမျိုးသမီးတစ်ဦးကို စားပြတိုက် သတ်ဖြတ်ခဲ့သည် ဆိုသော ကန်တပ်ဖွဲ့ဝင် တစ်ဦးအား ဖမ်းဆီးခေါ်ဆောင်လာသည်ကို ဇန်နဝါရီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယင်းသတင်းခိုးယူနားထောင်သည့် ကိစ္စနှင့်ပတ်သက်၍ ဘက်လိုက်မှုမရှိဘဲ ယနေ့အထိ တွေ့ရှိချက်များကို ပထမဆုံးအကြိမ်အဖြစ် အောက်လွှတ်တော် သုတေသနဌာနက အစီရင်ခံစာတစ်ရပ်အဖြစ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ သမ္မတဘုရှ်နှင့် ရှေ့နေချုပ် အယ်လ်ဘတ်တိုဂွန်ဇာလက်တို့က တယ်လီဖုန်းနှင့် အီး-မေးလ်များမှ သတင်းဖြတ်ယူနားထောင်ရန် အမိန့်ပေးခဲ့မှုနှင့် ပတ်သက်၍ ကွန်ဂရက်သုတေသနဌာနက လေ့လာခဲ့သည်။

ညွှန်ကြား

၂၀၀၁ ခုနှစ်ဆောင်းဦးပေါက်ရာသီမှစ၍ အမေရိကန် ပြည်သူတို့၏ ဖုန်းဆက်သွယ်မှုကိုလျှို့ဝှက်စောင့်ကြည့်နားထောင်ရန်သမ္မတဘုရှ်ကညွှန်ကြားခဲ့ခြင်းသည် ၎င်း၏ကျယ်ပြန့်သော အခွင့်အာဏာများနှင့် ကိုက်ညီမှုရှိသည်ဟု ဆိုနိုင်ဖွယ်မရှိကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

၁၉၇၈ ခုနှစ်ဥပဒေအရ ထောက်လှမ်းစောင့်ကြည့် လေ့လာရာတွင် အထူးတရားရုံး၏ ထောက်ခံချက်မပါဘဲနှင့် ပြည်တွင်းတွင် အမေရိကန်ပြည်သူလူထုအပေါ် သူလျှိုလုပ်ခြင်းကို တားမြစ်ထားသည်။၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် နောက်ပိုင်းမှသာ သမ္မတဘုရှ်က တရားရုံး သဘောတူညီမှုမလိုဘဲ သတင်းခိုးယူနားထောင်ရန် အမျိုးသားလုံခြုံရေးဌာနကို လျှို့ဝှက်ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ရိုမေးနီးယားတွင် နှင်းထူထပ်စွာကျရောက်ပြီး လေပြင်းတိုက်ခတ် ဆိပ်ကမ်းများကိုပိတ်ထားရ

ဘူခါရက် ဇန်နဝါရီ ၁၀

ရိုမေးနီးယား နိုင်ငံတွင် နှင်းထူထပ်စွာကျရောက်ပြီး လေပြင်းများတိုက်ခတ်နေမှုကြောင့်ထိုနိုင်ငံရှိအကြီးဆုံးသော ကွန်စတင်တာ ဆိပ်ကမ်းအပါအဝင် ပင်လယ်နက်ဒေသရှိ ဆိပ်ကမ်းများကို ပိတ်ထားလိုက်ရကြောင်း ဆိပ်ကမ်းအာဏာပိုင်တစ်ဦးက ပြောကြားသည်။

နှင်းထူထပ်သိပ်သည်းစွာကျရောက်ပြီး လေပြင်းတိုက်ခတ်နေမှုကြောင့်ပင်လယ်နက်ဒေသမှ ဆိပ်ကမ်းများဖြစ်သည့် မန်ဂါလီယာနှင့် ကွန်စတင်တာတို့ကို ပိတ်ထားရသည်ဟု ကွန်စတင်တာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အဆိုပါဆိပ်ကမ်းများကို မည်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်မည်ကို သဲသဲကွဲကွဲ မသိရသေးပေ။ လေပြင်းတိုက်ခတ်နှုန်းသည် တစ်နာရီလျှင်၃၂မိုင်မှ ၃၈ မိုင်အထိ ရှိသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ကျည်ကာအင်္ကျီများ စွမ်းပကားနိမ့်ကျမှုကြောင့် ကန်တပ်ဖွဲ့ဝင်များသေဆုံးရကြောင်း လေ့လာတွေ့ရှိ

ဝါရှင်တန် ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံတွင် သေဆုံးသည့် မရိန်းတပ်ဖွဲ့ဝင်များကို ကြည့်ပါက အများစုသည် ခန္ဓာကိုယ်၏ ရင်ဘတ်ပိုင်းတွင် ရရှိသည့် ဒဏ်ရာဖြင့် သေဆုံးသည်ကို တွေ့ရှိရကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ခန္ဓာကိုယ်တွင်ဝတ်ဆင်သည့် ကျည်ကာအင်္ကျီများ၏ ကျည်ဆန်ကာကွယ်နိုင်မှု စွမ်းပကားကို မြှင့်တင်ပေးနိုင်မည်ဆိုပါက အမေရိကန် တပ်ဖွဲ့ဝင်များ သေဆုံးရမှုကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း စနေနေ့တွင် ထုတ်ပြန်သည့် ပင်တဂွန် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

စစ်ဆေး

အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့ ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးရုံးသည် ၂၀၀၃ ခုနှစ် မတ်လ အီရတ်စစ်ပွဲစတင်ချိန်မှ ၂၀၀၅ ခုနှစ် ဇွန်လအထိ အီရတ်နိုင်ငံတွင်အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးရမှုနှင့် ပတ်သက်နေသော ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများကို ပြုလုပ်ခဲ့သည်။ အီရတ်တွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီးနောက် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၉၃ ဦးအနက် ၇၄ ဦးမှာ ၎င်းတို့၏ ပခုံးတွင် သို့မဟုတ် ခန္ဓာကိုယ်၏ ရင်ဘတ်ပိုင်းတွင် ရရှိသည့် ဒဏ်ရာဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည် ကျည်ကာအင်္ကျီများ၏ အကာအကွယ်ပေးမှုကို မရရှိသူများ ဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြပါရှိသည်။

ပြောင်းလဲ

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးသမားများ၏ နည်းဗျူဟာများမှာ အမြဲတစေ ပြောင်းလဲလျက်ရှိရာ မရိန်းတပ်ဖွဲ့ဝင်များနှင့် ကြည်းတပ်တပ်ဖွဲ့ဝင်များ၏ ကိုယ်ခန္ဓာတွင်ဝတ်ဆင်ရမည့် ကျည်ကာအင်္ကျီများ၏ အရည်အသွေး တိုးတက်ခြင်း မရှိပါက ၎င်းတို့၏ အသက်ဘေးအန္တရာယ်ကို ကာကွယ်ပေးနိုင်မည် မဟုတ်ကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံတွင် ရဟတ်ယာဉ်ပျက်ကျ အမေရိကန်နိုင်ငံသား ၁၂ ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံတွင် စနေနေ့ညပိုင်းက အမေရိကန်စစ်ဘက်မှ ရဟတ်ယာဉ် တစ်စင်း ပျက်ကျခဲ့သဖြင့် စီးနင်းလိုက်ပါလာသူ အမေရိကန်နိုင်ငံသား ၁၂ဦးစလုံး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ တယ်လ်အဖာမြို့အနီးတွင်ညဥ့်သန်းခေါင်ယံမတိုင်မီအချိန်တွင် ဘလက်ဟော့ ရဟတ်ယာဉ် တစ်စင်းပျက်ကျခဲ့ရာ သေဆုံးသူအားလုံးသည် အမေရိကန်နိုင်ငံသားများ ဖြစ်ဖွယ်ရှိသည်ဟု အမေရိကန်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ခရီးသည်ရှစ်ဦးနှင့် ရဟတ်ယာဉ်ဝန်ထမ်းလေးဦးတို့ စီးနင်းလိုက်ပါကြသည်ဟု လေကြောင်းပျံသန်းမှုမှတ်တမ်းများအရ သိရှိရသည်။ ရဟတ်ယာဉ်ပျက်ကျခဲ့ပြီးနောက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ရဟတ်ယာဉ်ပျက်ကျမှု ဇစ်မြစ်ကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ပြီး ရဟတ်ယာဉ် ပျက်ကျချိန်တွင် ရာသီဥတု ဆိုးရွားနေသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဘလက်ဟော့ရဟတ်ယာဉ်သည် အမှတ်(၁၀၁)လေကြောင်းချီတပ်မကို ပစ္စည်းထောက်ကူပို့ပေးနေသည့် အဖွဲ့မှဖြစ်ပြီး အီရတ်မြောက်ပိုင်းဒေသများရှိ အမေရိကန် အခြေစိုက်စခန်းများသို့ သွားရောက် ပို့ဆောင်နေသည့် ရဟတ်ယာဉ်ဖြစ်သည်။

ထောက်ပို့လေယာဉ်တစ်စင်း အီရတ်နိုင်ငံ အနောက်ပိုင်းဒေသတွင် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်က ရာသီဥတုဆိုးရွားနေချိန် ပျက်ကျခဲ့ပြီးနောက် ဖော်ပြပါ ဖြစ်ရပ်သည် အီရတ်တွင် ဒုတိယအကြိမ် လူသေဆုံးမှု အများဆုံးသော ဖြစ်ရပ်ဖြစ်သည်။ ယင်းလေယာဉ်ပျက်စဉ်က အမေရိကန် ဝန်ထမ်း ၃၁ဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရန်စစ်လေယာဉ် ပျက်ကျ၍ ၁၁ ဦးသေဆုံး

တီဟီရန် ဇန်နဝါရီ ၁၀

အီရန်နိုင်ငံအနောက်မြောက်ပိုင်းတွင် တနင်္လာနေ့နံနက်ကအီရန်စစ်ဘက်လေယာဉ်တစ်စင်း ပျက်ကျသဖြင့် စီးနင်းလိုက်ပါလာသူ ၁၁ ဦးစလုံး သေဆုံးဖွယ်ရှိကြောင်း အိုင်အာအင်အေ သတင်းဌာနက ဖော်ပြသည်။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (အိုင်အာဂျီစီ)မှ ဖယ်လ်ကွန်အမည်ရှိ လေယာဉ်တစ်စင်း အိုရမ်မီယေဒေသ အနီး အီဒင်လူ့ကျေးရွာတွင် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်က ပျက်ကျခဲ့သဖြင့် လူ ၁၃ ဦး သေဆုံးခဲ့သည်ဟု စောစောပိုင်းသတင်းများအရ သိရှိရသည်။လေယာဉ်ပျက်ကျမှုကြောင့် မြေပြင်တပ်ဖွဲ့များဆိုင်ရာ တပ်မှူးကာဇီမီ၊ ၎င်းလက်ထောက် ဆိုလေမန်နီနှင့် အခြားအဆင့်မြင့်အရာရှိများအပါအဝင် လေယာဉ်ပေါ်လိုက်ပါလာသူ ၁၁ ဦးစလုံး သေဆုံးကြောင်း ပြည်သူ့ဆက်ဆံရေးဌာန ဒုတိယအကြီးအကဲ ရာဘေအီအားကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လေယာဉ်မတော်တဆမှုများဖြစ်ပွား၍ ပီရူး၌လေကြောင်းပျံသန်းမှု ရပ်ဆိုင်းထား

လီမာ ဇန်နဝါရီ ၁၀

ပီရူးနိုင်ငံပိုင် တန်စ်လေကြောင်းဌာနမှ လေယာဉ်မတော်တဆမှု ဆိုးဆိုးရွားရွား ပေါ်ပေါက်ခဲ့သည့်အတွက် လေကြောင်းပျံသန်းရေးလုပ်ငန်းများကို ရပ်ဆိုင်းထားကြောင်း လေကြောင်းဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက စနေနေ့တွင် ပြောကြားသည်။

လေကြောင်းပျံသန်းမှုများ တစ်ဖန်ပြုလုပ်နိုင်မှုရှိ၊မရှိဆုံးဖြတ်နိုင်ရေးအတွက် အာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေသည်ဟု လေကြောင်းဌာနရုံး ညွှန်ကြားရေးမှူးဖြစ်သူ ရောဘတ်တို ရိုဒရီဂူအက်ဇ်က ဒေသဆိုင်ရာရေဒီယို ထုတ်လွှင့်ရေးဌာနကို ပြောကြားသည်။

ဩဂုတ်လ ၂၃ရက်ကပီရူးလေကြောင်းဌာနမှ လေယာဉ်တစ်စင်း ပူကောပါမြို့တွင် ပျက်ကျသွားခဲ့ရာ စီးနင်းလိုက်ပါသူ ၄၀ သေဆုံးခဲ့ပြီး ၅၇ ဦး ဒဏ်ရာရရှိခဲ့သည်။

ဆင်းသက်

ယင်းလေကြောင်းမှ အခြားလေယာဉ်တစ်စင်း ကူဇ်ကိုမြို့တွင် စက်ပျက်မှုကြောင့်လွန်ခဲ့သည့်ရက်သတ္တခြောက်ပတ်က အရေးပေါ် ဆင်းသက်ခဲ့ရသည်။ တတိယအကြိမ်အဖြစ်ယင်းလေကြောင်းဌာနမှ လေယာဉ်တစ်စင်း ကူဇ်ကိုမြို့အနီး စက်ပျက်ခဲ့သည်ဟု ရိုဒရီဂူအက်ဇ်က ပြောကြားသည်။

အဆိုပါတန်စ် လေကြောင်းဌာနကို ပီရူးလေတပ်က ဝေးလံခေါင်သီသည့် နေရာများသို့ အဆက်အသွယ် ပြုလုပ်နိုင်ရန်အတွက် ၁၉၆၀ ပြည့်လွန်နှစ်များ အတွင်းက တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၈ ခုနှစ်တွင် စီးပွားဖြစ်လုပ်ကိုင်နိုင်သည့်လေကြောင်းဌာနအဖြစ် ရောက်ရှိလာခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော သံချပ်ကာယဉ် တစ်စီးကို ဇန်နဝါရီ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သဘာပတိ အမှာစကား ပြောကြား

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ဦးစောညွှန့်သောင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အစည်း တစ်ခုနှစ်ခုနှင့် ညှိနှိုင်းဆွေးနွေးခြင်းမျိုးမဟုတ်ဘဲ အစုအဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များက အမျိုးသားညီလာခံကြီးကို လေးနက်ကျယ်ပြန့်သည့် တွေ့ဆုံဆွေးနွေးပွဲအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများ ရရှိအောင် ဆောင်ရွက်ပြီးပါက နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တာဝန်ယူသည့်အချိန်ကစပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်လျက် ဦးတည်ချက် (၁၂)ရပ်ကိုချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းတည်ဆောက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုများကို အကျဉ်းတင်ပြရလျှင် ၁၇နှစ်တာကာလအတွင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည့်ဝမ်းစာဖူလုံရေးအတွက် ဆည်ရေးတို့ကို အစိုးရနှင့်ပြည်သူတို့ပူးပေါင်းပြီး အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူများက ပြည်တွင်းသာမက ကမ္ဘာ့မည်သည့်နေရာဒေသမှာမဆို စစ်ပွဲဇုန်၊ အကြမ်းဖက်ဒေသများ မဖြစ်စေရေးအတွက် အိမ်နီးနားချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာနှင့် သတိရှိရှိ ထာဝစဉ်ပူးပေါင်း ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း။

အနာဂတ်နိုင်ငံတော်အတွက် ဒေသလိုက်မှာရှိသည့် မျိုးဆက်သစ်လူငယ်များကိုလည်း နိုင်ငံတော်က အားကိုးအားထားရသည့် အမျိုးသားရေးစွမ်းအားစုအဖြစ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ အမျိုးသားရေးဆိုင်ရာသင်တန်းများ၊ နိုင်ငံတကာဆက်ဆံရေး သင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ လေကြောင်း၊ ရေကြောင်းဆိုင်ရာ မျိုးဆက်သစ်သင်တန်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများကို စဉ်ဆက်မပြတ် လေ့ကျင့်

နိုင်ငံတော်၏ အသက်တမျှ အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ကျင်းပနေသည့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံရင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလုပ်ဆောင်

☆ ရှေ့ဖုံးမှ

ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၂၅၀၀၀ ကျော်တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နံနက် ၆နာရီမှစတင်၍ စုရပ်အသီးသီးမှ သံလွင်စစ်ကြောင်း၊ ယွန်းစလင်းစစ်ကြောင်း၊ ဒုံသမိစစ်ကြောင်း၊ ဂျိုင်းစစ်ကြောင်းတို့က အခမ်းအနားကျင်းပသည့် သီရိကွင်းသို့ ချီတက်လာကြပြီး သတ်မှတ်နေရာအသီးသီး၌နေရာယူကြသည်။

အဆိုပါအခမ်းအနားတွင် သဘာပတိအဖြစ် ဘားအံမြို့မှ မြို့မိမြို့ဖ ဦးစောညွှန့်သောင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဘားအံမြို့မှ မြို့မိမြို့ဖများဖြစ်ကြသည့် ဦးခွန်ချစ်သန်းနှင့် ဒေါက်တာအောင်ဆွေ၊ မြိုင်ကြီးငူ အထူးဒေသငြိမ်းချမ်းရေးအဖွဲ့မှ ဦးစောကျော်သန်း၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်တင်ဝင်း၊ ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါက်တာမြမြစန်းနှင့် ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်မှူးအေးမြင့် (အငြိမ်းစား)တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ဖြူစင်ဝင်းထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဒေါက်တာနန်းစုနန္ဒာတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာအခမ်းအနားမှူးက လူထုအစည်းအဝေး စတင်ကျင်းပကြောင်းကြေညာပြီး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက နိုင်ငံတော်အလံအား အလေးပြုကြသည်။

အစီအစဉ်အရ သဘာပတိ ဦးစောညွှန့်သောင်းက အဖွင့်အမှာစကားပြောကြားရာတွင် အနာဂတ်နိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရရပ်တည်ရန်အတွက် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရန် လိုအပ်လျက်ရှိကြောင်း၊ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၂ခုနှစ် ဇွန်လမှစ၍ အမျိုးသားညီလာခံကျင်းပရေးအတွက် လိုအပ်သော အဖွဲ့အစည်းများနှင့် စနစ်တကျ ညှိနှိုင်းမှုပြုခဲ့ကြောင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကိုလည်း ၁၉၉၂ခုနှစ် အောက်တိုဘာလ ၂ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း။

၁၉၉၃ခုနှစ် ဇန်နဝါရီ ၉ရက်၌ ကျင်းပခဲ့သည့် အမျိုးသားညီလာခံကြီးတွင် ပြည်ထောင်စု ရေရှည်တည်တံ့ခိုင်မြဲရေးအား အာမခံနိုင်မည့် အမျိုးသားညီလာခံကိုကျင်းပခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်အတွက် အခြေခံမူ (၁၀၄) ချက်ကို ချမှတ်နိုင်ခဲ့ကြောင်း။

၂၀၀၃ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ခဲ့ကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ်အနက် ပထမအဆင့်ကို ၂၀၀၄ခုနှစ် မေ ၁၇ ရက်မှာ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပပြီး ဆွေးနွေးခဲ့ကြကြောင်း၊ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်မှ မတ် ၃၁ရက်နှင့် ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၅ရက်တွင် အမျိုးသား ညီလာခံကို ပြန်လည်ကျင်းပလျက်ရှိကြောင်း။

ညီလာခံကျင်းပရာတွင် ကိုယ်စားလှယ် အစုအဖွဲ့ရှစ်ဖွဲ့ က ပါဝင်ကြပြီးအမျိုးသား ညီလာခံ၏ ဦးတည်ချက်ခြောက်ရပ်နှင့်အညီ ကျင်းပလျက်ရှိကြောင်း။

ပကတိအခြေအနေနှင့်ကိုက်ညီ

ယင်းဦးတည်ချက်များသည် လက်ရှိမြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီအောင် ရွေးချယ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးနှစ်ဦး၊ အဖွဲ့

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဒေါ်ဖြူစင်ဝင်းထွန်းနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဒေါက်တာနန်းစုနန္ဒာတို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

မြောင်းတာတမံပေါင်းများစွာကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ ဆက်လက်၍လည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ ၎င်းအပြင် လမ်း၊ တံတား၊ ဆေးရုံ၊ ကျောင်းများကို မြို့နှင့်ကျေးလက်ဒေသပါမကျန် အနှံ့အပြားတိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးများကိုလည်း တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဖွံ့ဖြိုးရေးဒေသ (၂၄)ခု သတ်မှတ်ပြီး စက်မှုဇုန် အများအပြားကိုလည်း တည်ထောင်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေးနှင့် ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း



ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နန်းစန္ဒာစိုး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိနေကြသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော် အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိနိုင်ငံ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရုံသာမက နိုင်ငံတကာနှင့် လူသားထုကြီး တစ်ရပ်လုံးကို ခြိမ်းခြောက်နေသော မူးယစ်ဆေးဝါး ကာကွယ်တိုက်ဖျက်ရေး၊ လူမှောင်ခိုတားဆီးရေး၊ အကြမ်းဖက်မှုကာကွယ်တိုက်ဖျက်ရေး၊ HIV/AIDS ရောဂါ ကာကွယ်တိုက်ဖျက်ပေးလျက်ရှိကြောင်း၊ ယင်းကဲ့သို့ စွမ်းရည်ရှိသည့် သင်တန်းများကြောင့် ပြည်ထောင်စုကြီး၏ တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်း၏တန်ဖိုး၊ အေးချမ်းတည်ငြိမ်ရေး၏တန်ဖိုးကို သဘောပေါက်ပြီး အမျိုးသားနိုင်ငံရေး အရည်အသွေးကောင်းများနှင့် ကျွမ်းကျင်မှုအတတ်ပညာ၊ အသက်မွေးဝမ်းကျောင်းမှုအတတ်ပညာများကို ရရှိစေပါကြောင်း၊ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ပေးနေခြင်းလည်း ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏ အသက်တမျှ အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် ကျင်းပနေသည့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံရင်း တစ်ဖက်မှလည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်ကြပါဟု တိုက်တွန်းလိုကြောင်း ပြောကြားသွားသည်။

ပြည့်ပြည့်စုံစုံထည့်သွင်းဆွေးနွေး

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အဆိုကို ကရင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နန်းစန္ဒာစိုးက တင်သွင်းရာတွင် ညီလာခံကြီး၏ ပထမခေါင်းစဉ်ဖြစ်သည့် နိုင်ငံတော် အခြေခံမူများကို ၁၉၉၃ ခုနှစ် ဇွန် ၇ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက် (၈)ချက်ဖြင့် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း၊ အခြေခံမူ(၁၀၄) ချက်အနက်မှ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံနှင့် စပ်လျဉ်းသည့် အခြေခံမူများ၊ နိုင်ငံတော်အကြီးအကဲနှင့် စပ်လျဉ်းသည့် အခြေခံမူများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (သို့မဟုတ်) ဒေသနှင့်သက်ဆိုင်သည့် အခြေခံမူများ စသည့် အခြေခံမူများကို ပြည့်ပြည့်စုံစုံ ထည့်သွင်းဆွေးနွေးထားသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေရင်း မူးယစ်ဆေးဝါး ပပျောက်ရေး၊ လူမှောင်ခိုကူးမှုတိုက်ဖျက်ရေး၊ AIDSရောဂါ ကာကွယ်တိုက်ဖျက်ရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း လူမှုရေးအသင်းအဖွဲ့များက နိုင်ငံတော်အစိုးရနှင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက် လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရင်း တစ်ဖက်မှလည်း ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ပေါက်ရေးကို အထူးကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✡

အမျိုးသားညီလာခံတွင် တိုင်းရင်းသားစုံ၊ လူတန်းစားစုံ၊ အတတ်ပညာရှင်၊ အသိပညာရှင်ပေါင်းစုံ ထက်သန်စွာပါဝင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲလျက်ရှိသော အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပရေး လေးလေးနက်နက်ထောက်ခံ

✡ စာမျက်နှာ ၅မှ

နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ရေးကို စတင်တာဝန်ယူသည့် ၁၉၈၈ ခုနှစ်မှစ၍ ယခုအချိန်ထိ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကျေးလက်ဒေသပါမကျန် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်တိုင်းပြည်လုံးနေရာအနှံ့အပြား နယ်စပ်ဒေသပါမကျန် ဘက်စုံဖွံ့ဖြိုးတိုးတက်နေတာကို တွေ့မြင်ကြရမှာ ဖြစ်ကြောင်း၊ မိမိတို့ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို အကျဉ်းချုပ်တင်ပြရလျှင် သံလွင်တံတား (ဘားအံ)၊ ဂျိုင်း-ဇာသပြင်တံတား၊ ဂျိုင်း-ကော့ကရိတ်တံတား၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်၊ ဘားအံ တက္ကသိုလ်ကြီးများကို တည်ဆောက်ပြီးဖြစ်ကြောင်း ယင်းဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များသည် လက်ရှိ မိမိတို့သာမက နောင်လာမည့်သားစဉ် မြေးဆက်အတွက် အာမခံချက်ရှိရှိ ခံစားနိုင်ကြမှာဖြစ်ကြောင်း။

ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ နှောင့်ယှက်မှုအန္တရာယ်ကြောင့် တိုင်းပြည်အတွက် မည်မျှပင်ကြီးမားသော အခက်အခဲအန္တရာယ်နှင့် တွေ့ကြုံရင်ဆိုင်စေကာမူ ပြည်သူ၊ အစိုးရနှင့်တပ်မတော် သုံးလွန်းတင် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ထိုအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် ကာလအတွင်း နိုင်ငံတော်ကြီးကို ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပြီး အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူ (၁၀၄)ချက်ကို ပြည်သူလူထုတစ်ရပ်လုံးက ကြိုဆိုထောက်ခံကြပါရန် တိုက်တွန်းနှိုးဆော်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

မူးယစ်ဆေးဝါးပပျောက်ရေး

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မြို့မိမြို့ဖ ကိုယ်စားလှယ် ဦးငွေစိုးက ဆွေးနွေးထောက်ခံတင်ပြရာတွင် မိမိတို့နိုင်ငံတွင် သူ့ကျွန်ဘဝရောက်ခဲ့စဉ်က ကိုလိုနီနယ်ချဲ့တို့က ဘိန်းစိုက်ပျိုးမှုကို ရှမ်းပြည်နယ်ဒေသအချို့တွင် စတင်ခဲ့သည်ကို တွေ့ရှိရပြီး ယခုအခါမူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၉၈၈ခုနှစ် မတိုင်မီက တပ်မတော်သည် မိုးဟိန်းစစ်ဆင်ရေးကို အဆင့် (၁၂)အထိ၊ ငရဲပန်းစစ်ဆင်ရေးကို အဆင့် (၈)အထိ၊ တောင်ရန်ရှင်းစစ်ဆင်ရေးကို အဆင့် (၄)အထိ ဆောင်ရွက်ခဲ့သည့်အပြင် တောင်ထိပ်ပန်း၊ အောင်မိုးဟိန်း စစ်ဆင်ရေးတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ဘိန်းမှောင်ခိုအဖွဲ့ကို ချေမှုန်းခဲ့သည့် မုံးကျွတ်စစ်ဆင်ရေးသည်လည်း အလွန်ထင်ရှားပါကြောင်း၊ ၁၉၈၈ခုနှစ်မှ ၁၉၉၈ခုနှစ်အထိ မူးယစ်ဆေးဝါး နှိမ်နင်းရေး တိုက်ပွဲများတွင် တပ်မတော်သား ၂၅၉ဦး အသက်ပေးခဲ့ရပြီး ၉၃၅ဦး ဒဏ်ရာရရှိခဲ့သည်ကိုကြည့်လျှင် မိမိတို့နိုင်ငံသည် မူးယစ် ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ဤသို့ဆောင်ရွက်ခဲ့သဖြင့် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကို ဖျက်ဆီးခဲ့သည်မှာ ၂၀၀၅ခုနှစ်အထိ (၁၉)ကြိမ် ဖျက်ဆီးနိုင်ခဲ့ပြီး စုစုပေါင်း ကာလတန်ဖိုးအမေရိကန် ဒေါ်လာ ၁၄၆၆၀ သန်းကျော်ရှိကြောင်း။

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် ဘားအံမြို့မှ မြို့မိမြို့ဖကိုယ်စားလှယ် ဦးငွေစိုး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် ဘားအံမြို့မှ မြို့မိမြို့ဖကိုယ်စားလှယ် ဒေါက်တာအေးအေးခိုင် အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် ဘားအံမြို့မှ ရှေ့နေဦးမောင်ပု အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

မိမိတို့မြန်မာလူမျိုးများသည် လူသားများအကျိုးမရှိ အမျိုးတုံးစေမည့် မူးယစ်မှန်သမျှ မိမိအင်အားဖြင့် ဆက်လက်နှိမ်နင်းသွားမှာဖြစ်ကြောင်း၊ ဘိန်းစိုက် တောင်ယာရှင်းလင်းပြီး မြေတစ်ကွက်မကျန် စားသုံးသီးနှံအစားထိုးနိုင်သည်ဟု ကြေညာနိုင်သည်အထိ စွမ်းအားရှိသမျှ အားသွန်ခွန်စိုက် ဆောင်ရွက်သွားမည်သာဖြစ်ကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် တပ်မတော်အစိုးရက တာဝန်ယူခဲ့သည့် ကာလအတွင်း မည်သည့်ကာလနှင့်မျှမတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အုပ်ချုပ်ရေး အစရှိသည်အားလုံး အချိုးညီညီဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အမျိုးသားညီလာခံကို ကျင်းပလျက်ရှိနေပါကြောင်း၊ အမျိုးသားညီလာခံတွင် တိုင်းရင်းသားစုံ၊ လူတန်းစားစုံ၊ အလွှာစုံ၊ အတတ်ပညာရှင်၊ အသိပညာရှင် ဘက်ပေါင်းစုံမှ ထက်သန်စွာပါဝင်ဆင်နွှဲနေပြီဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်ကြီးဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအား ညမနား ဆောင်ရွက်နေသကဲ့သို့ စစ်မှန်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် အခြေခံကျလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲလျက်ရှိသော အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပရေးကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

ထောက်ခံတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို မြို့မိမြို့ဖ ကိုယ်စားလှယ် ဒေါက်တာအေးအေးခိုင်က ဆွေးနွေးထောက်ခံတင်ပြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်နေမှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးတွင် မြန်မာတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိခိုက်ပျက်ပြားစေသည့် လူမှောင်ခို လူကုန်ကူးမှုများအား တားဆီးကာကွယ်နှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများအကြမ်းဖက်ခံရခြင်းသည် အမျိုးသမီးတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာနှောင့်နှေးစေကြောင်း၊ အမျိုးသမီးများနှင့်ကလေးများ လူမှောင်ခိုပြုမှုသည် အကြမ်းဖက်ခံရခြင်း တစ်မျိုးဖြစ်ပြီး ဘဝဖွံ့ဖြိုးရေးအတွက် ကြီးမားသည့် အနှောင့်အယှက် အတားအဆီးကြီးတစ်ခုဖြစ်ကြောင်း။

အမျိုးသမီးများ၏ ဘဝကိုမြှင့်တင်ပေးရေးအတွက် ဖွဲ့စည်းထားခဲ့သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ညွှန်ကြားချက်နှင့်အညီ ကရင်ပြည်နယ်တွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့များအထိ အမျိုးသမီးရေးရာအဖွဲ့များကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် အဖွဲ့ဝင်အဖြစ် ၂၀၀၅ခုနှစ် ဒီဇင်ဘာလအထိ သက်ကြီး ၃၈၈၀၀ဦး၊ သက်ငယ် ၁၈၇၇၄ဦး စုစုပေါင်း ၅၇၅၇၄ဦး အသင်းဝင်ရောက်ပြီးဖြစ်ပါကြောင်း။

လူမှောင်ခိုနှင့်လူကုန်ကူးမှုပပျောက်ရေးအတွက် အသိပညာပေးဟောပြောပွဲများကို တက္ကသိုလ်၊ ကောလိပ်ကျောင်းများနှင့် ရပ်ကွက်ကျေးရွာများတွင် ပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ပါကြောင်း၊ ၎င်းအပြင် လူမှောင်ခိုကုန်ကူးမှု ပညာပေး ဗွီဒီယိုဇာတ်ကားများကိုလည်း ပြသခဲ့ကြောင်းနှင့် ၂၀၀၅ခုနှစ် ဒီဇင်ဘာလအတွက် ပညာပေးဟောပြောပွဲ ပေါင်း (၅၂)ကြိမ်ပြုလုပ်ခဲ့ပြီး လူဦးရေ ၁၂၀၃၅ဦးကို ပညာပေးဟောပြောခဲ့ကြောင်း။

ပြဋ္ဌာန်းပေးခဲ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၅/၂၀၀၅) ဖြင့် ၂၀၀၅ခုနှစ် စက်တင်ဘာလ၁၃ရက်နေ့တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ လူမှောင်ခိုမှုနှင့်ပတ်သက်ပြီး လူမှောင်ခိုကုန်ကူးမှု တားဆီးသည့်အပြင် ပညာပေးဟောပြောမှုများကိုလည်း အဆက်မပြတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်နယ် ကြိုဆိုလက်ခံရေးအဖွဲ့အနေဖြင့် ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလ၅ရက်မှ ၂၀၀၅ခုနှစ် နိုဝင်ဘာလ ၃၀ရက်အထိ တစ်ဖက်နိုင်ငံမှ မြန်မာနိုင်ငံ မြဝတီမြို့သို့ ပြန်လည်ဝင် ရောက်လာသော လူဦးရေပေါင်း ၁၈၄၆၃ဦးကို လက်ခံခဲ့ပြီး ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးဆေးစစ်မှုများပြုလုပ်ပေးခဲ့သည့်အပြင် အိမ်တိုင်ရာရောက် ပြန်ပို့ခြင်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံသို့ မသွားရောက်စေရန်နှင့် မိမိနိုင်ငံအတွင်း အသက်မွေးဝမ်းကျောင်းမှုပြုနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် အသက်မွေးဝမ်းကျောင်းမှု ပညာသင်တန်းများကို တက်ရောက်စေခဲ့ပါကြောင်း။

သဘာပတိကြီးမိန့်ခွန်းနှင့် အဆိုရှင် ထောက်ခံသူများ၏ တင်ပြချက်များတွင်ဖော်ပြခဲ့သည့် မြန်မာနိုင်ငံတော်နှင့်ပတ်သက်၍ အချက်အလက်များကို အကျဉ်းချုံး၍ စုရုံးထောက်ခံတင်ပြလိုပါကြောင်း၊ မြန်မာနိုင်ငံတော်တွင် ပြည်သူ၊ အစိုးရ၊ တပ်မတော်တို့သည် မိမိနိုင်ငံ မိမိတိုးတက်ဖွံ့ဖြိုးရေးအတွက် အခြားသော သူတစ်ပါးကိစ္စများကို ဝင်ရောက်စွက်ဖက်ချိန်၊ ပြောကြားချိန်မရပါ၊ မိမိနိုင်ငံ မိမိတိုးတက်ရေးအတွက်သာ ကျားကုတ်ကျားခဲ ဆောင်ရွက်နေကြရသည့်အချိန်လည်းဖြစ်ပါကြောင်း၊ ဆက်လက်၍ တင်ပြရမည်ဆိုလျှင် ယနေ့ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်တာဝန်ယူနေကြရသည့် အကြီးအကဲများသည် တာဝန်သိရုံသာမကဘဲ နိုင်ငံအတွက် စေတနာရှိရှိ ကြိုးပမ်းအားထုတ်ဆောင်ရွက်နေကြသူများဖြစ်ကြပါကြောင်း။

မြန်မာနိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးကို မလိုလားသည့် အခြားတိုင်းတစ်ပါးကသူများသည် မိမိတို့ပြည်သူများအား အထင်သေးသည်များရှိကြောင်း၊ သို့သော် ယနေ့မိမိတို့ပြည်သူများသည် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✧

မြန်မာနိုင်ငံတော်တွင် ပြည်သူ၊ အစိုးရ၊ တပ်မတော်တို့သည် မိမိနိုင်ငံမိမိ တိုးတက်ဖွံ့ဖြိုးရေးအတွက် အခြားသောသူတစ်ပါးကိစ္စများကို ဝင်ရောက်စွက်ဖက်ချိန်၊ ပြောကြားချိန်မရပါ၊ မိမိနိုင်ငံ မိမိတိုးတက်ရေးအတွက်သာ ကျားကုတ်ကျားခဲ ဆောင်ရွက်နေကြရသည့် အချိန်လည်းဖြစ်၊

ယနေ့ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်တာဝန်ယူနေကြရသည့် အကြီးအကဲများသည် တာဝန်သိရုံသာမကဘဲ နိုင်ငံအတွက် စေတနာရှိရှိ ကြိုးပမ်းအားထုတ်ဆောင်ရွက်နေကြ။

နိုင်ငံတော်၏ အာဏာသုံးရပ်ထဲတွင် တရားစီရင်ရေးကဏ္ဍကို မှန်ကန်မျှတ စနစ်တကျဖြင့် တိတိကျကျ ဥပဒေများချမှတ်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်မှာဖြစ်

✧ စာမျက်နှာ ၆ မှ

သူတို့ထင်သကဲ့သို့ မည့်ပါ၊ တိုင်းပြည်ချစ်စိတ်ကို အရင်းခံသည့် အမျိုးသားနိုင်ငံရေးအတွေးအခေါ်များလည်း လူတိုင်းကိုယ်စီရှိနေကြပြီး နိုင်ငံရေး ကိုယ်ခံအား ကောင်းနေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာပြည်သူပြည်သားများသည် ယခုအချိန်တွင် ဣန္ဒြေရရဖြင့် ကိုယ့်တိုင်းပြည်ကိုယ်တိုးတက်အောင်လုပ်၊ ကိုယ့်ရည်မှန်းချက်ခရီး ကိုယ်သွား၊ ကိုယ့်အားကိုယ်ကိုးပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ တည်ဆောက်နေကြသူများသာ ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေးကို ရှေးရှုနေသည့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးထောက်ခံတင်ပြသွားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ရှေ့နေဦးမောင်ပုက ဆွေးနွေးထောက်ခံတင်ပြရာတွင်တပ်မတော်အစိုးရသည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကိုတာဝန်ယူလိုက်သည့်အချိန်မှစ၍ နိုင်ငံတော် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်မှုကြောင့်

ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင် ဒေါ်နန်းစန်းမြင့်ရီ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုအတိုင်းအတာကို ပြည်သူများ မျက်ဝါးထင်ထင်မြင်တွေ့ရပြီးဖြစ်ကြောင်း။

တရားစီရင်ရေးနှင့်ပတ်သက်လျှင်လည်း အချို့ခေတ်ကာလနှင့် မလျော်ညီသော အချို့အချက်များကို ပြောင်းပြီး ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များကိုထုတ်၍ ဖြည့်စွက်ပြင်ဆင်မှုများပြုလုပ်ခဲ့ပါကြောင်း။

တရားစီရင်ရေးနှင့်ပတ်သက်၍ အခြေခံမူ(၁၀၄)ချက်ထဲတွင် ပါဝင်သည့်အချက်အလက်များသည် ပြည့်စုံနေသည်ကိုတွေ့ရှိရမှာဖြစ်ကြောင်း၊ အခြေခံမူ(၁၀၄)ချက်ထဲတွင် အသေးစိတ် ထပ်မံရှင်းလင်းထားသည့် တရားဥပဒေနှင့်ပတ်သက်သည့်အချက်များမှာလည်း ဘက်ပေါင်းစုံမှ အထူးပြည့်စုံစွာ ထည့်သွင်းထားသည်ကိုတွေ့မြင်ရမှာဖြစ်ကြောင်း။

အနာဂတ်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးအတွက် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနေသော အမျိုးသားညီလာခံကြီးသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးအပေါင်းအတွက် အသက်တမျှအရေးကြီးပြီး အဓိကကျလှသဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတို့ တက်ညီလက်ညီ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏အာဏာသုံးရပ်ထဲတွင် တရားစီရင်ရေးအာဏာကို မှန်ကန်မျှတစနစ်တကျဖြင့် တိတိကျကျဥပဒေများချမှတ်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်နိုင်မှာဖြစ်သည့်အတွက် အမျိုးသားညီလာခံအောင်မြင်ရေးကို အလေးအနက်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်နန်းစန်းမြင့်ရီက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့အခါသမယသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နေသည့်အခါသမယဖြစ်ကြောင်း၊ ယင်းသို့တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ လူဦးရေအများစုဖြစ်သည့် ကျေးလက်နေ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဒီလိုဆောင်ရွက်နေရာတွင် နိုင်ငံတော်အစိုးရလက်ထက်မှာ ကရင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိကြောင်း။

ရောဂါနှိမ်နင်းရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊ တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊ အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊လတ်တလောပျော့ခွေအကြောသေရောဂါ စောင့်ကြပ်ထောက်လှမ်းကြည့်ရှုခြင်းလုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကုသရေးလုပ်ငန်းများအနေဖြင့်လည်း ကရင်ပြည်နယ်အတွင်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်၏ ပံ့ပိုးကူညီစီစဉ်ပေးမှုဖြင့် အထူးကုဆရာဝန်ကြီးများသည် ၂၀၀၅ခုနှစ်အတွင်း ကျေးလက်ဒေသများသို့ ၁၃ကြိမ်တိုင်တိုင်ကွင်းဆင်းသွားရောက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၂၅၁၅ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဆေးဝါးကုသပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှု၊ တာဝန်ရှိသူအသီးသီး၏ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ စသည့် လူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အခြားနိုင်ငံတကာမှ စေတနာရှင် လူမှုရေးအသင်းအဖွဲ့များ၏ ဝိုင်းဝန်းကူညီမှု၊ပြည်သူလူထု၏ အသိတရားပြည့်ဝစွာ ဆောင်ရွက်မှုတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများမှာ အောင်မြင်မှုများရရှိလျက်ရှိကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ပညာရေးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ပြင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖြစ်ထွန်းရေးနှင့် တည်တံ့ရေးအတွက် နိုင်ငံသားများပညာရည်မြင့်မားရေးမှာ အထူးအရေးကြီးပြီး ပဓာနကျသည့် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း။

နိုင်ငံသားတိုင်း အခြေခံပညာသင်ယူမှု အခွင့်အလမ်းရရှိရေးနှင့် နိုင်ငံတော်၏ ပညာရေးအရည်အသွေးမြင့်မားတိုးတက်ရေးတို့အတွက် ပညာရေးလုပ်ငန်းများကို ပညာရေးမြှင့်တင်မှုအစီအစဉ်များဖြင့် အမျိုးသားပညာရည်မြင့်မားရေးနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ပြည်နယ်နှင့်တိုင်း အသီးသီးအတွက်လည်းကောင်း၊ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်လည်းကောင်း လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရေးမှာ နိုင်ငံတော်၏ ပညာရေးမူဝါဒတစ်ရပ်ဖြစ်ကြောင်း။

ဟန်ချက်ညီညီဆောင်ရွက်နေ

အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊အတတ်ပညာရှင်များ နယ်ပယ်ကဏ္ဍစုံမှာ ထုနှင့်ထည်နှင့်အခိုင်အမာပေါ်ထွန်းလာစေရေးအပြင် နိုင်ငံသားတို့၏ အခြေခံစာတတ်မြောက်ရေး၊ အစဉ်လေ့လာသင်ယူနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာစေရေးတို့ကို ဟန်ချက်ညီညီစီမံဆောင်ရွက်လျက်ရှိကြောင်း။

ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ကြည်ကြည်ဦး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ယင်းကဲ့သို့ ပညာရေးတိုးတက်မှုအစီအစဉ်များ၊ အထူးအစီအစဉ်များ၊ လုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံး အတိုင်းအတာနှင့်ဖြန့်ကြက်ပြီး ဆောင်ရွက်ပေးခဲ့သည့်အတွက် အခြေခံပညာရေး ဖွံ့ဖြိုးမှုဆိုင်ရာ ညွှန်းကိန်းများဖြစ်သည့် ကျောင်းဝင်နှုန်း၊ ကျောင်းနေနှုန်း၊ အဆင့်အလိုက်ထိန်းထားနှုန်း၊ အဆင့်အလိုက်သင်ယူပြီးဆုံးနှုန်းများ တိုးတက်လာသကဲ့သို့ တိုးတက်လာသည့်ကျောင်းသားဦးရေနှင့် လိုက်လျောညီထွေစွာ ဆရာဦးရေ၊ ကျောင်းသားဦးရေများမှာလည်း တိုးတက်မြင့်မားလာကြောင်း၊ ယင်းအခြေအနေများကို မြန်မာနိုင်ငံပညာရေးကဏ္ဍ အခြေခံပညာရေးဖွံ့ဖြိုးမှုဆိုင်ရာကိန်းဂဏန်းများတွင် ထင်ရှားစွာတွေ့မြင်ရမှာဖြစ်ကြောင်း။

အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် တိုးတက်မြင့်မားလာစေရန် ဦးတည်ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း လုပ်ငန်းစဉ်များအရ ပေါ်ထွန်းလာမည့် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ၏စွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး၊ စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရေးတို့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးကို ရှေးရှုဆောင်ရွက်နေသည့် အမျိုးသားညီလာခံအောင်မြင်ရန် ပြည်သူတစ်ရပ်လုံးကကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားသည်။

ထို့နောက် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ကြည်ကြည်ဦးက အမျိုးသားညီလာခံအားကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ထောက်ခံတင်ပြရာတွင်ယနေ့နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့သည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ စည်းကမ်းပြည့်ဝသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ အကောင်အထည်ဖော်ဆောင်ရာတွင် မိမိတို့ ဖြတ်သန်းခဲ့ပြီးဖြစ်သည့် နိုင်ငံတော်၏ အတိတ်သမိုင်းအတွေ့အကြုံများနှင့်လည်းကောင်း၊ မိမိတို့၏ ကိုယ်ပိုင်လက္ခဏာများနှင့်လည်းကောင်း၊ ဓလေ့ထုံးတမ်းများနှင့်လည်းကောင်း ဆီလျော်ညီညွတ်မှုရှိသည့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလများနှင့်ဆက်စပ်ပြီး နိုင်ငံတော်၏ ပကတိလိုအပ်ချက်များကို ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း။

ယနေ့ နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်ကိုရောက်ရှိနေပြီးဖြစ်သကဲ့သို့ လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများသည်လည်း ခိုင်ခိုင်မာမာပေါ်ထွန်းလျက် ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်ရေးနှင့် ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားအပေါ် တည်မှီလုပ်ဆောင်လျက်ရှိကြောင်း။

ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်စေရန် ငြိမ်းချမ်းရေးရရှိမှသာဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေးရယူနိုင်ခြင်းသည် ဘယ်ခေတ်ဘယ်အခါ ဘယ်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေပြုသည့် ငြိမ်းချမ်းမှုကို ရယူနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် အစိုးရနှင့်လက်တွဲပြီး မိမိတို့ဒေသနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်လာသဖြင့် ငြိမ်းချမ်းမှု၊ဖွံ့ဖြိုးမှုများမျက်ဝါးထင်ထင်ခံစားနေရပြီဖြစ်ကြောင်း၊ မိမိတို့ကရင်ပြည်နယ်တွင် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံးအဖွဲ့(ဒီကေဘီအေ)၊ဖဒိုအောင်ဆန်းဦးစီးသောငြိမ်းချမ်းရေးအဖွဲ့၊ သံတောင်မြောက်ပိုင်း/တောင်ပိုင်းငြိမ်းချမ်းရေးအဖွဲ့၊ ဦးစောသမူဟဲ ဦးစီးသည့် ဟောင်သရောငြိမ်းချမ်းရေးအဖွဲ့တို့သည် ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများမှာပူးပေါင်းပါဝင်ဆောင်ရွက်လုပ်ကိုင်နေခြင်းကို ပြည်သူအများသိရှိပြီးဖြစ်ကြောင်း။

တပ်မတော်အစိုးရလက်ထက် ကရင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို တင်ပြရမည်ဆိုလျှင် ၁၉၈၈ ခုနှစ်မတိုင်မီ ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာလမ်းအရှည်မိုင်ပေါင်း ၁၁၇၁မိုင်ရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် လမ်းအရှည်မိုင်ပေါင်း ၄၀၈၂ မိုင်ထိကို တိုးတက်ဖောက်ပေးနိုင်ခဲ့ကြောင်း၊ ၁၉၈၈ခုနှစ်နောက်ပိုင်း ကရင်ပြည်နယ်အတွင်း ပေ၁၈၀အထက် တံတားကြီးများဖြစ်သည့် ဂျိုင်း-ကော့ကရိတ်တံတား၊ ဂျိုင်း-ဇာသပြင်တံတား၊ သံလွင်တံတား(ဘားအံ)တို့ကိုလည်း တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ဖော်ဆောင်ရေးအတွက် အရေးအကြီးဆုံးဖြစ်သော အခြေခံဥပဒေရေးဆွဲချမှတ်နိုင်ရန်ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံပါကြောင်းဖြင့်တင်ပြသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူ ဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းကြေညာသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၉ နာရီတွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်စေရန် ငြိမ်းချမ်းရေးရရှိမှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၊ တပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေး ရယူနိုင်ခြင်းသည် ဘယ်ခေတ်ဘယ်အခါ ဘယ်အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေပြုသည့် ငြိမ်းချမ်းမှုကို ရယူနိုင်ခဲ့ခြင်းပင်ဖြစ်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် အစိုးရနှင့်လက်တွဲ ပြီး မိမိတို့ဒေသနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်လာသဖြင့် ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုများ မျက်ဝါးထင်ထင်ခံစားနေရပြီဖြစ်။

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၆)

စို

ဥပဒေဟုဆိုလိုက်လျှင် ခံ့ခံ့ညားညားစာပေစကားဖြစ်၍ နားလည်ရခက်သည်ဟု အများစုက ယူဆကြသည်။ အခြေခံဥပဒေဟုဆိုလျှင် ပုဒ်ထီးပုဒ်မများဖြင့် ပို၍နားလည်ရခက်သည်ဟု တွက်ဆကြသည်။ အမှန်မှာ အဓိပ္ပာယ်တိကျပေါ်လွင်အောင်၊ ဥာန်ကရိုင်းကျအောင် ရေးသားထားသဖြင့် နားလည်ရခက်သလို ဖြစ်နေခြင်းသာ ဖြစ်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများသည်လည်း ထိုနည်းၵင်းပင် ဖြစ်သည်။ သို့ရာတွင် အဆိုပါ အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို နားလည်သဘောပေါက်လာသည့်အခါ၌ တစ်နိုင်ငံလုံးအတွက်သော် လည်းကောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက်သော် လည်းကောင်း၊ မိမိတို့ ကိုယ်စီကိုယ်င ပုဂ္ဂလိက တစ်ဦးချင်း အတွက်သော် လည်းကောင်း ကိုယ်စားပြု၊ အကျိုးပြုနေသည့် အကြောင်းအရာ အချက်အလက်များ ဖြစ်နေကြောင်း ဝမ်းသာအားရ တွေ့ရှိကြရမည် ဖြစ်ပါသည်။

အမျိုးသားညီလာခံကြီးက ညှိနှိုင်းဆွေးနွေးချမှတ်ပေးထားသည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများဖြင့် ပါဝင်ရေးဆွဲပြဋ္ဌာန်းသွားမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းအရာအချက်အလက်များကို အများပြည်သူတို့ ပိုမိုနားလည်သဘောပေါက်စေရန်အတွက် ဘကြီးစိုး၊ ကြီးကြီးမြနှင့် ကျွန်တော်တို့၏ စကားဝိုင်းဆွေးနွေးမှုများမှတစ်ဆင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

အဆိုပါ ရှင်းလင်းတင်ပြချက်များကို နှစ်ခြိုက်သဘောကျကြကြောင်း ပြန်လည်ကြားသိရသဖြင့် ရုံးပိတ်ရက်၌ အမျိုးသားညီလာခံမှ ခွင့်ပန်၍ ပြန်လာသော ဘကြီးစိုးထံသို့ ကျွန်တော်ဝမ်းသာအားရသွားရောက်ခဲ့ရပြန်ပါသည်။

စိုးမြကျော် – ဘကြီးခင်ဗျာ။ ဒီနေ့တော့ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမယ့် မူတွေနဲ့ စပ်လျဉ်းပြီး ရှင်းပြပေးပါဦး။

ဘကြီးစိုး – **အမျိုးသားညီလာခံက "နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်"လို့ အခြေခံမူချမှတ်ထားခဲ့ပါတယ်။**

စိုးမြကျော် – ဟုတ်ကဲ့ပါဘကြီး။ အဲဒီအခြေခံမူနဲ့အညီ ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းရာမှာ ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်၊ ခွဲဝေပေးသင့် ခွဲဝေပေးထိုက်တဲ့အတိုင်း အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်နိုင်ဖို့အတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ဥာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ကျွမ်းကျင်သူတွေကို ဖိတ်ကြားဆွေးနွေးပြီး လိုအပ်တဲ့ အချက်အလက် အထောက်အထားတွေ ကြိုတင်စုဆောင်း လေ့လာခဲ့တာ အမှတ်ရနေပါသေးတယ်။ အဲဒီတုန်းက ကျွန်တော်တို့လည်း ဥာနဆိုင်ရာ အနေနဲ့ ပါဝင်ဆွေးနွေးခဲ့ရပါတယ်။

ဘကြီးစိုး – ဘကြီးတို့ အမျိုးသားညီလာခံကိုယ်စားလှယ်တွေကလည်း ဥပဒေပြုရေးအာဏာ ခွဲဝေအပ်နှင်းခြင်းနဲ့စပ်လျဉ်းပြီး ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာပါရှိတဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းနဲ့ ပြည်နယ်ဥပဒေပြုစာရင်းတွေကို လေ့လာခဲ့ကြသလို အခြားနိုင်ငံတွေရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကိုလည်း လေ့လာခဲ့ကြပါတယ်။

စိုးမြကျော် – အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင်တွေ နှစ်ရှည်လများ ကြည့်ရှုလေ့လာထားတဲ့ နိုင်ငံအသီးသီးရဲ့ အခြေခံဥပဒေစာအုပ်တွေ သူတို့ရုံးမှာ အများကြီးပဲလို့ မိတ်ဆွေတစ်ယောက်က ပြန်ပြောပြတာမို့ တအံ့တဩဖြစ်ခဲ့ရပါသေးတယ်။

ဘကြီးစိုး – အဲဒီလို ပူးပေါင်းအားထုတ်လုပ်ဆောင်မှုတွေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ အဲဒီလွှတ်တော်နှစ်ရပ်ပါရှိတဲ့ ပြည်ထောင်စုလွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်တို့ကို ခွဲဝေအပ်နှင်းသင့်တဲ့ ဥပဒေပြုစာရင်းတွေကို အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး ဆုံးဖြတ်သတ်မှတ်နိုင်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

စိုးမြကျော် – ဥပဒေပြုစာရင်းမှာပါဝင်တဲ့ ကဏ္ဍတွေကို သိပါရစေဘကြီး။

ဘကြီးစိုး – ဥပဒေပြုရေးဆိုင်ရာ အသေးစိတ်အာဏာခွဲဝေနိုင်ဖို့အတွက် **"ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှု လက်မှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ"**ဆိုပြီး ကဏ္ဍကြီး ၁၁ ရပ် သတ်မှတ်ဆောင်ရွက်ခဲ့တယ်။

ကြီးကြီးမြ – ကဏ္ဍကြီး ၁၁ ရပ်တင် ဘယ်ကမလဲမောင်ကျော်ရယ်။ အခြားကိစ္စရပ် ငါးခုဖြစ်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များရဲ့ ဥပဒေပြုခွင့်အာဏာ၊ ပြည်ထောင်စုနဲ့ ဥပဒေပြုအဖွဲ့အသီးသီးရဲ့ ဥပဒေပြုစာရင်းမှာ ဖော်ပြမထားတဲ့ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး၊ ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ၊ လွှတ်တော်အဆင့်ဆင့်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များက ပြဋ္ဌာန်းတဲ့ ဥပဒေများရဲ့ အကျိုးသက်ရောက်မှု၊ ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနဲ့ ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်းတို့နဲ့ ပတ်သက်လို့လည်း အသေးစိတ် အခြေခံရမယ့်မူတွေ ရအောင် ဆောင်ရွက်ခဲ့ကြတယ်ကွယ့်။

စိုးမြကျော် – ဟုတ်ကဲ့ပါကြီးကြီး။ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနဲ့ ပတ်သက်လို့ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိနိုင်အောင် ဆက်ရှင်းပြပေးပါဦး။

ဘကြီးစိုး – အဲဒီကဏ္ဍကြီး(၁၁)ရပ်အနက် ပြည်ထောင်စုကြီးတစ်ခုလုံးကို လွှမ်းခြုံဆောင်ရွက်ရမယ့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနဲ့ တရားစီရင်ရေးကဏ္ဍ သုံးခုကိုတော့ ပြည်ထောင်စုဥပဒေစာရင်းမှာပဲ အာဏာအပ်နှင်းထားတယ်ကွယ့်။

စိုးမြကျော် – အဲဒီလို ပြည်ထောင်စုကိုပဲ ဥပဒေပြုခွင့်အာဏာ အပ်နှင်းထားတာဟာ ဗဟိုက ချုပ်ကိုင်ထားတဲ့ သဘောဖြစ်ကြောင်း တချို့သောမကောင်းမြင်သမားတွေက ဝေဖန်ပုတ်ခတ်နေကြပါတယ်။ ဒါနဲ့ ပတ်သက်ပြီး အခြေအနေအမှန်ကို သိပါရစေဘကြီး။

ဘကြီးစိုး – နိုင်ငံတော်အတွက် အရေးကြီးကိစ္စတွေမှာ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း မဖြစ်သင့်ဘဲ ပြည်ထောင်စုတစ်ဝန်းလုံးမှာ တစ်ပြေးညီကျင့်သုံးသင့်တယ်လေ။ ဥပမာ– တစ်နိုင်ငံလုံးအတွက် ခြုံငုံစဉ်းစားဆောင်ရွက်ရမယ့် ကာကွယ်ရေးနဲ့ လုံခြုံရေးကိစ္စမျိုးမှာ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေက ဥပဒေအမျိုးမျိုး ပြဋ္ဌာန်းနေကြမယ်ဆိုရင် တစ်နိုင်ငံလုံးရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးကို စီမံရာမှာ အခက်အခဲ အားနည်းချက်အမျိုးမျိုးနဲ့ ကြုံတွေ့နိုင်ပြီး အကောင်းဆုံး၊ အပြည့်စုံဆုံး၊ အခိုင်မာဆုံး ကာကွယ်ရေးနဲ့ လုံခြုံရေးအစီအမံဖြစ်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းရတာ ဖြစ်တယ်ကွယ့်။ အလားတူ နိုင်ငံခြားရေးကဏ္ဍနဲ့ တရားစီရင်ရေးကဏ္ဍတွေဟာလည်း တစ်နိုင်ငံလုံးအတွက် ခြုံငုံသုံးသပ် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မှသာ တိုင်းပြည်နဲ့ လူမျိုးကို အကောင်းဆုံး အကျိုးပြုနိုင်မှာဖြစ်လို့ ဒီကဏ္ဍတွေကိုလည်း ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းထားရတာ ဖြစ်ပါတယ်။

စိုးမြကျော် – ရှင်းပါပြီဘကြီး။ ဗဟိုက ချုပ်ကိုင်ထားတာမဟုတ်ဘဲ နိုင်ငံတော်ရဲ့ အစိတ်အပိုင်း အားလုံးမှာ တစ်ပြေးညီ ကျင့်သုံးနိုင်မှသာ တိုင်းပြည်နဲ့ လူမျိုးအတွက် အကောင်းဆုံး အကျိုးဖြစ်ထွန်းနိုင်မှာမို့ ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းထားရခြင်း ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။

ကြီးကြီးမြ – မှန်တာပေါ့ကွယ်။ နိုင်ငံတော် ကာကွယ်ရေးဟာ နိုင်ငံတိုင်းအတွက် အသက်တမျှ အရေးကြီးတဲ့ကိစ္စဖြစ်လို့ ဥပဒေအမျိုးမျိုးနဲ့ ဝိဝါဒကွဲပြားနေလို့မဖြစ်ဘူး။ ဥပဒေတစ်ခုတည်းအောက်မှာ တောင့်တင်းတဲ့ ကာကွယ်ရေးအင်အားကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ လိုတယ်ကွယ့်။ ဒို့နိုင်ငံမှာ ကာကွယ်ရေးအင်အားချည့်နဲ့ခဲ့လို့ ဗြိတိသျှကိုလိုနီနယ်ချဲ့ လက်အောက်ခံ ကျွန်သပေါက်ဘဝ ကျရောက်ခဲ့ကြရပြီးပြီ မဟုတ်လား။ ဒါကို အစဉ်အမြဲ သတိရှိကြဖို့ လိုအပ်ပါတယ်။

ဘကြီးစိုး – ဒို့နိုင်ငံမှာတင် မဟုတ်ပါဘူးကွယ်။ နိုင်ငံတိုင်းလိုလိုမှာလည်း နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာကို တစ်နိုင်ငံလုံးက ကိုယ်စားလှယ်တွေ ပါဝင်ပြီး တစ်နိုင်ငံလုံး အရေးကိစ္စကို ဆောင်ရွက်ပေးနေတဲ့ ဗဟိုအဆင့် လွှတ်တော်တွေကိုသာ အပ်နှင်းလေ့ရှိကြပါတယ်။

ကြီးကြီးမြ – မင်းဘကြီးရှင်းပြခဲ့တဲ့အတိုင်း နိုင်ငံတကာမှာ ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာကို ဗဟိုကကျင့်သုံးသလို မြန်မာနိုင်ငံရဲ့ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလည်း နိုင်ငံတော်ကာကွယ်ရေးနဲ့စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာကို ဗဟိုအဆင့်မှာရှိတဲ့ ပါလီမန်ကိုပဲ အပ်နှင်းထားတာ တွေ့ရတယ်ကွယ့်။

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ **"နိုင်ငံတော် ကာကွယ်ရေးတာဝန်သည် နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သည်"**ဆိုတဲ့ စကားနဲ့အညီ တစ်နိုင်ငံလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ သက်ဆိုင်နေတဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းထားတာဟာ သဘာဝကျပါတယ်။ အဲဒီကဏ္ဍမှာ ပါဝင်တဲ့ ကိစ္စရပ်တွေကို သိပါရစေဘကြီး။

ဘကြီးစိုး – ပြည်ထောင်စုဥပဒေပြုစာရင်းမှာ အာဏာခွဲဝေအပ်နှင်းထားတဲ့

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်
ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်
ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ်ပေးလျက်ရှိနေပါသည်။ အ
နှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အ
၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်
အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေး
ညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည် ဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကတော့

(၁) **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း၊**

(၂) **ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊**

(၃) **ဇီဝနှင့် ဓာတုစသည့် လက်နက်များအပါအဝင် လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေသည့်ပစ္စည်းများ၊**

(၄) **အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များ၊**

(၅) **စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း၊**

(၆) **နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊**

(၇) **ရဲတပ်ဖွဲ့**တို့ပဲ ဖြစ်ပါတယ်။

စိုးမြကျော် – ကိစ္စရပ်တစ်ခုချင်း ဆွေးနွေးပေးပါဦး ဘကြီး။

ဘကြီးစိုး – ဘကြီးတို့ မြန်မာနိုင်ငံဟာ နယ်ချဲ့ရဲ့ ကျူးကျော်မှုကြောင့် နှစ်ပေါင်း ၁၀၀ ကျော် ကိုလိုနီလက်အောက်ခံဘဝနဲ့ နေခဲ့ရတယ်။ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းကျပြန်တော့လည်း နယ်ချဲ့ပယောဂကြောင့် စည်းလုံးမှုပျက်ပြားခဲ့တဲ့အတွက် တပ်မတော်က ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခဲ့ရတယ်။

ကြီးကြီးမြ – ဒါ့အပြင် ၁၉၅၀ တစ်ဝိုက်မှာ တရုတ်ဖြူကူမင်တန်တပ်တွေက နိုင်ငံခြားဆရာကြီးတွေရဲ့ အထောက်အပံ့နဲ့ ရှမ်းပြည်နယ်အတွင်းကို ဝင်ရောက်ကျူးကျော်ခဲ့လို့ တပ်မတော်က ပြန်လည် တွန်းလှန်တိုက်ထုတ်ခဲ့ရတယ်။ အဲဒီနောက်ပိုင်းမှာလည်း နိုင်ငံခြားတိုင်းပြည်အချို့ရဲ့ ပမာမခန့်ပြုမှုတွေ၊ ထိပါးရန်စမှုတွေကို ခံခဲ့ရတယ် မဟုတ်လား။

စိုးမြကျော် – ယနေ့နိုင်ငံတကာအခြေအနေကိုကြည့်ရင်လည်း လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးကို အကြောင်းပြပြီး နိုင်ငံကြီးအချို့က နိုင်ငံငယ်တွေကို ဩဇာလွှမ်းမိုးဖို့ ဖန်တီးနေကြတာ တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကာကွယ်ရေးနဲ့လုံခြုံရေးအင်အား တောင့်တင်းမှသာ တိုင်းတစ်ပါးရဲ့ခြိမ်းခြောက်မှု၊ ရန်စမှု၊ ကျူးကျော်မှုတွေကို တွန်းလှန်ပြီး ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မှာဖြစ်ပါတယ်။ အဲဒီလို ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။

ဘကြီးစိုး – ဒါကြောင့်လည်း အမျိုးသားညီလာခံက မြန်မာနိုင်ငံကို တိုင်းတစ်ပါးမှ ကျူးကျော်တိုက်ခိုက်ခြင်းမပြုနိုင်အောင် ကာကွယ်ဖို့အတွက် အင်အားတောင့်တင်းပြီးခေတ်မီတဲ့ တစ်ခုတည်းသော တပ်မတော်ထားရှိဖို့နဲ့ မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ မြန်မာနိုင်ငံမှာ တပ်ချခွင့်ပြုမှာမဟုတ်ကြောင်း အခြေခံရမယ့်မူတွေ ချမှတ်ထားတာဖြစ်တယ်ကွယ့်။ အဲဒီလို နိုင်ငံတော်မှာ ခိုင်မာတောင့်တင်းတဲ့ ကာကွယ်ရေးအင်အားရှိဖို့ ဆောင်ရွက်ကြမယ်ဆိုရင် တစ်မဟုတ်ချင်းဆောင်ရွက်လို့ ရနိုင်မှာမဟုတ်ဘူး။ လိုအပ်တာတွေကို ကြိုတင်စီမံပြင်ဆင်ကြရမှာပဲဖြစ်တယ်။ ဥပဒေပြုဖို့ လိုအပ်လာရင် ဥပဒေတွေပြဋ္ဌာန်းကြရမှာဖြစ်တယ်။ ဒါကြောင့်မို့ **ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စု**

မြန်မာနိုင်ငံတော်၏ နယ်မြေ
ယင်းသို့ ကာကွယ်ရေးအတွ
လိုအပ်တဲ့အခါ ဥပဒေပြဋ္ဌာ
ဥပဒေပြုစာရင်းမှာ ထည့်သွ

စိုးမြကျော် – သဘောပေါက်ပြီဘကြီး။ အဲဒီ
နှင့် လုံခြုံရေးဆိုင်ရာစက်မှုလ
ပြည်ထောင်စုဥပဒေပြုစာရင်းမှ

ဘကြီးစိုး – မောင်ကျော်ပြောတာမှန်ပါတ
လုံခြုံရေးဟာ ဆက်စပ်နေပြ
ကျူးကျော်လာမယ့်အန္တရာယ
ရမှာဖြစ်သလို ပြည်တွင်းမှာလ
စည်းစိမ်လုံခြုံအောင် ကာကွယ
အဲဒီလိုကာကွယ်စောင့်ရှောက်
လက်နက်များအပါအဝင်လ
ပေါက်ကွဲစေသည့် ပစ္စည်းများ
ပေးမယ့် ဥပဒေတွေပြဋ္ဌာန်း

စိုးမြကျော် – လက်နက်ခဲယမ်းတွေကို စ
ခွင့်ပေးထားတဲ့ အချို့နိုင်ငံ
ကျွန်တော်တို့ နိုင်ငံမှာမကြုံ
ပေးထားတာပဲနော်။

ဘကြီးစိုး – အလားတူပဲ အဏုမြူစွမ်းအင်၊အဏ
ပြည်သူတွေ အတွက်အကျိုးရှိ
နိုင်ငံတော်ကထိန်းချုပ်သွားဖို့
စေတဲ့ ဓာတ်သတ္တုပင်ရင်းအ
လိုအပ်မှာ ဖြစ်တယ်။ ဒါ့ကြေ
လောင်စာ၊ အဏုမြူရောင်ခြ
ဓာတ်သတ္တုပင်ရင်းအခြေအမြ
ဥပဒေပြုစာရင်းမှာ ထည့်သွ

စိုးမြကျော် – နိုင်ငံအတော်များများရဲ့ ဖွဲ့စ
အခါမှာ တစ်နိုင်ငံလုံးနဲ့၊
စစ်ကြေညာခြင်းနဲ့ စစ်ပြေငြိမ်း
အမြင့်ဆုံးဥပဒေပြုအဖွဲ့အစ
အပ်နှင်းထားတာ တွေ့ရပါ

ကြီးကြီးမြ – ၁၉၄၇ဖွဲ့စည်းအုပ်ချုပ်ပုံအခြေ
စစ်ပြေ ငြိမ်းခြင်းဆိုင်ရာ ဥပ
ကိုင်တွယ်ကျင့်သုံးခဲ့တယ်။ ၁၉
ပြည်သူ့လွှတ်တော်က ကျင့်

ဘကြီးစိုး – ထို့အတူပဲ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြ
တည်ငြိမ်မှုရှိပြီး အေးချမ်းသာ
ရှိရမှာဖြစ်တယ်။ အဲဒီအတွက်
တစ်နိုင်ငံလုံးမှာ တစ်ပြေးညီ
သက်ဆိုင်ရာ နိုင်ငံတွေရဲ့
ဥပဒေပြဋ္ဌာန်းလေ့ရှိကြတယ်

စိုးမြကျော် – ဒါကြောင့် ကျွန်တော်တို့နိုင်
တည်ငြိမ်ရေး၊ အေးချမ်းသာ
စပ်လျဉ်းပြီး ပြည်ထောင်စုဥ
ထားတာကိုတွေ့ရပါတယ်

...ပိုင်း(၆)

စိုးမြကျော်

...လာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ...် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံ ...မှတ်ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများ ...လေ့လာကြည့်ရှုခြင်းအားဖြင့် အနာဂတ်နိုင်ငံတော် ...ကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့ ...နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသား ...စဉ်ဖော်ပြသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်းနဲ့စပ်လျဉ်းပြီး လိုအပ်တဲ့အခါ ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့အတွက် ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ထည့်သွင်းထားတာပဲဖြစ်တယ်။

စိုးမြကျော် – သဘောပေါက်ပြီဘကြီး။ အဲဒီအချက်နဲ့ဆက်စပ်ပြီး **ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာစက်မှုလက်မှုလုပ်ငန်းများ** ကိစ္စများကိုလည်း ပြည်ထောင်စုဥပဒေပြုစာရင်းမှာပဲ ထည့်သွင်းထားတာမဟုတ်လား။

ဘကြီးစိုး – မောင်ကျော်ပြောတာမှန်ပါတယ်။ နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေးဟာ ဆက်စပ်နေပြန်တယ်။ နိုင်ငံတော်အနေနဲ့ ပြည်ပမှ ကျူးကျော်လာမယ့်အန္တရာယ်တွေမကျရောက်အောင် ကာကွယ်ရမှာဖြစ်သလို ပြည်တွင်းမှာလည်း ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်လုံခြုံအောင် ကာကွယ်စောင့်ရှောက်ပေးရမှာပဲဖြစ်တယ်။ အဲဒီလိုကာကွယ်စောင့်ရှောက်ပေးဖို့အတွက် **ဗီဇနှင့် ဓာတုစသည့် လက်နက်များအပါအဝင်လက်နက်၊ ခဲယမ်း မီးကျောက်များနှင့် ပေါက်ကွဲစေသည့် ပစ္စည်းများ**နဲ့ စပ်လျဉ်းပြီး တိတိကျကျထိန်းချုပ်ပေးမယ့် ဥပဒေတွေပြဋ္ဌာန်းပေးဖို့ လိုအပ်လာပြန်တယ်။

စိုးမြကျော် – လက်နက်ခဲယမ်းတွေကို စည်းမဲ့ကမ်းမဲ့ ပရမ်းပတာကိုင်ဆောင်ခွင့်ပေးထားတဲ့ အချို့နိုင်ငံတွေမှာကြုံတွေ့နေရတဲ့ အနိဋ္ဌာရုံမျိုး ကျွန်တော်တို့ နိုင်ငံမှာမကြုံတွေ့ရအောင် ကာကွယ်စောင့်ရှောက်ပေးထားတာပဲနော်။

ဘကြီးစိုး – အလားတူပဲ အဏုမြူစွမ်းအင်၊အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်တွေကို ပြည်သူတွေ အတွက်အကျိုးရှိပြီး မှန်ကန်စွာအသုံးပြုရေးအတွက် နိုင်ငံတော်ကထိန်းချုပ်သွားဖို့လိုအပ်သလို အဲဒါတွေကို ဖြစ်ထွန်းစေတဲ့ ဓာတ်သတ္တုပင်ရင်းအခြေအမြစ်တွေကိုလည်း ထိန်းချုပ်ဖို့ လိုအပ်မှာ ဖြစ်တယ်။ ဒါ့ကြောင့်မို့**အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များ**နဲ့စပ်လျဉ်းပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ ထည့်သွင်းထားတာဖြစ်ပါတယ်။

စိုးမြကျော် – နိုင်ငံအတော်များများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာခဲ့တဲ့အခါမှာ တစ်နိုင်ငံလုံးနဲ့၊ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့ စစ်ကြေညာခြင်းနဲ့စစ်ပြေငြိမ်းခြင်းဆိုင်ရာလုပ်ပိုင်ခွင့်တွေကို နိုင်ငံရဲ့ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းဖြစ်တဲ့ လွှတ်တော်တွေကိုသာ အပ်နှင်းထားတာ တွေ့ရပါတယ်ဘကြီး။

ကြီးကြီးမြ – ၁၉၄၇ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလည်း စစ်ကြေညာခြင်းနဲ့ စစ်ပြေ ငြိမ်းခြင်းဆိုင်ရာ ဥပဒေပြုခွင့်အာဏာကို ပါလီမန်ကသာ ကိုင်တွယ်ကျင့်သုံးခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ပြည်သူ့လွှတ်တော်က ကျင့်သုံးဆောင်ရွက်တာတွေ့ရတယ်။

ဘကြီးစိုး – ထို့အတူပဲ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဲဒီနိုင်ငံဟာ တည်ငြိမ်မှုရှိပြီး အေးချမ်းသာယာရေးနဲ့တရားဥပဒေစိုးမိုးရေးလည်း ရှိရမှာဖြစ်တယ်။ အဲဒီအတွက်လိုအပ်တဲ့ ဥပဒေကိုပြဋ္ဌာန်းတဲ့အခါ တစ်နိုင်ငံလုံးမှာ တစ်ပြေးညီ အာဏာသက်ရောက်စေဖို့အတွက် သက်ဆိုင်ရာ နိုင်ငံတွေရဲ့ အမြင့်ဆုံးဥပဒေပြုအဖွဲ့တွေကသာ ဥပဒေပြဋ္ဌာန်းလေ့ရှိကြတယ်။

စိုးမြကျော် – ဒါကြောင့် ကျွန်တော်တို့နိုင်ငံတစ်ဝန်းလုံးအတွက် **နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး**နဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းဖော်ပြထားတာကိုတွေ့ရပါတယ် ဘကြီး။

ဘကြီးစိုး – အလားတူပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ နိုင်ငံတော်ရဲ့ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ပေးဖို့ တာဝန်ရှိတဲ့အဖွဲ့အစည်းဖြစ်တယ်။ ဒါ့အပြင် အရေးပေါ် အခြေအနေမှာ နိုင်ငံတော်ကိုကာကွယ်ရမယ့် အရန်အင်အားစုလည်း ဖြစ်တယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ပြည်ထောင်စုတစ်ဝန်းလုံးတစ်ပြေးညီအကျိုး သက်ရောက်မှုရှိစေဖို့အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ **ရဲတပ်ဖွဲ့**ကိစ္စရပ်ကို သဘာဝကျကျ ထည့်သွင်းထားတာပါပဲ။

စိုးမြကျော် – ဟုတ်ကဲ့ပါခင်ဗျာ။ ဒီနေရာမှာ ပါလီမန်ဒီမိုကရေစီခေတ်တုန်းက ဖြစ်ပျက်ခဲ့တဲ့ အခြေအနေတွေနဲ့ နှိုင်းယှဉ်သုံးသပ်ပေးဖို့ ကြီးကြီးကို မေတ္တာရပ်ခံပါရစေ။

ကြီးကြီးမြ – ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်နယ် ဥပဒေပြုစာရင်းမှာ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကို ထည့်သွင်းထားခဲ့တယ်။“ပြည်သူ့ငြိမ်ဝပ်ပိပြားရေး”ဆိုတာမျိုးတွေ၊ “ကျေးရွာရာဇဝတ်အမှုထမ်းအဖွဲ့ပါဝင်သော ရာဇဝတ်အမှုထမ်းအဖွဲ့”ဆိုတာမျိုးတွေ ပေါ့ကွယ်။

ဘကြီးစိုး – ဒါကြောင့်မို့ ဖဆပလအစိုးရလက်ထက် ၁၉၅၅ခုနှစ်မှာ ပြည်သူလူထုကို ကာကွယ်ဖို့အကြောင်းပြပြီး ပျူစောထီးတပ်တွေ ဖွဲ့ခဲ့ကြတယ်။ အဲဒီပျူစောထီးတပ်အများစုဟာ ပြည်သူတွေကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြတယ်။ ပါတီအုပ်စုတွေရဲ့ခါးပိုက်ဆောင်တပ်တွေ ဖြစ်လာကြတယ်။

ကြီးကြီးမြ – ပျူစောထီးတွေရဲ့ ရမ်းကားမှုကြောင့် သာယာဝတီခရိုင် မင်းလှ ရွှေးကောက်ပွဲ လေးလောင်းပြိုင်သတ်မှု၊ ၁၉၅၇ခုနှစ် မေလ ၂ရက်နေ့ မြိတ်ခရိုင် စီတောင်အိုင်ရွာ လူသတ်မှု၊ မိတ္ထီလာ၊ တောင်သာ၊ လယ်ဝေး၊ ငါန်းဇွန်လူသတ်မှု စတာတွေ ဖြစ်ပွားခဲ့တယ်။

ဘကြီးစိုး – ပြည်သူတွေဟာ ပျူစောထီးတွေရဲ့ ညှဉ်းပန်းနှိပ်စက်မှု အမျိုးမျိုးကို ခါးစည်းခံခဲ့ကြရတယ်။ ဖဆပလ နှစ်ခြမ်းကွဲသွားတဲ့အခါ ပျူစောထီးတွေဟာ ပိုဆိုးလာတယ်။ အစုလိုက် အပြုံလိုက် သတ်ဖြတ်တာတွေ၊ ရွာလုံးကျွတ် ဓားပြတိုက်တာတွေ၊ ပြန်ပေးဆွဲတာတွေစတဲ့ ပြစ်မှုကြီးတွေအပြင် နိုင်ငံရေး စွက်ဖက်မှုကိုပါ လက်ရဲဇက်ရဲ ကျူးလွန်ခဲ့ကြတယ်။

ကြီးကြီးမြ – ၁၉၅၈ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှာ တစ်ပြည်လုံးမှာရှိတဲ့ ပျူစောထီးတပ်ဖွဲ့တွေ ကို ဖျက်သိမ်း၊ အရန်ရဲအဖြစ် ပြောင်းလဲပြီး ရဲအဖွဲ့လက်အောက်မှာ ထားခဲ့ပြန်တယ်။ ပြည်ထဲရေးဝန်ကြီး လက်အောက်ကို ရောက်သွားချိန်မှာ တိုင်းပြည်မှာ ကောလာဟလ သတင်းအမျိုးမျိုးထွက်ပြီး အခြေအနေတွေ ရှုပ်ထွေးလာတယ်။ လက်နက်ကိုယ်စီနဲ့ တစ်နိုင်ငံလုံး သွေးချောင်းစီးတော့မယ့်အရေးကို ကြိုမြင်နေရတာမို့ အဲဒီတုန်းက ဝန်ကြီးချုပ်က ပြည်သူ့လွှတ်တော် အစည်းအဝေးခေါ်ပြီး တပ်မတော်ကို အိမ်စောင့်အစိုးရဖွဲ့ဖို့ အချိန်မီအာဏာလွှဲပြောင်းပေးခဲ့ရတယ်။

ဘကြီးစိုး – ဒါဟာ ဒို့နိုင်ငံရဲ့သမိုင်းမှာ တပ်မတော်နဲ့ယှဉ်ပြီး ပုံစံတစ်မျိုးနဲ့ လက်နက်ကိုင်တပ်ဖွဲ့ အချို့ကို ခွဲခြားဖွဲ့စည်းမိခဲ့တဲ့ မှားယွင်းသော လုပ်ရပ်ကြောင့်ပဲဖြစ်တယ်။ ဒါကြောင့်မို့ လက်နက်ကိုင်တပ်ဖွဲ့တွေကို တစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ တစ်သင်းတစ်ဖွဲ့ အတွက်ဖြစ်စေ ဖွဲ့စည်းထားရှိခြင်းဟာ ကောင်းကျိုးထက် ဆိုးပြစ်ကများပြီး နိုင်ငံနဲ့လူမျိုးအတွက် အန္တရာယ်မျိုးစေ့ပဲဆိုတာ သင်ခန်းစာယူကြရမှာ ဖြစ်တယ်။

ကြီးကြီးမြ – ၁၉၅၇-၅၈မှာ ဖက်ဒရယ်မူနဲ့ အတူပေါ်ပေါက်ခဲ့တဲ့ ရှမ်းသောင်းကျန်းမှုကို ကြည့်ရင်လည်း ကျိုင်းတုံစော်ဘွားရဲ့ ဦးလေးတော်သူ စပ်ခွန်ဆိတ်နဲ့ စိုင်းနွံ့တို့က Youth of Keng Tung State လို့ခေါ်တဲ့ လူငယ်တပ်ဦးကို ကျေးရွာကာကွယ်ရေးအသွင်နဲ့ ဖွဲ့စည်းခဲ့ရာက အစပြုခဲ့တာဖြစ်ကြောင်း တွေ့ရတယ်။

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ ဒီလိုသမိုင်းသင်ခန်းစာတွေနဲ့ နဖူးတွေ့ဒူးတွေ့ကြုံလာခဲ့ရတဲ့ ပုဂ္ဂိုလ်တွေက အတိတ်မှ ခါးသီးတဲ့ ဖြစ်ရပ်မျိုးတွေ အနာဂတ်နိုင်ငံတော်မှာ ထပ်မံမဖြစ်ပေါ်ရအောင် နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍကို တစ်နိုင်ငံလုံး အကျိုးအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းချမှတ်ထားတာဟာ ဒီမိုကရေစီရဲ့ အနှစ်သာရကို ပြည်သူတွေ အပြည့်အဝရရှိခံစားနိုင်အောင် ဖော်ဆောင်ပေးထားတာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဘကြီးစိုး – တစ်ချိန်က ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံဟာ ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍနဲ့ စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်နယ်အသီးသီးမှာ ကိုယ်ပိုင်စစ်တပ်တွေ ဖွဲ့စည်းခွင့်ပြုခဲ့တယ်။ အဲဒီနောက် ပြည်တွင်းဝါဒရေး ပဋိပက္ခပြင်းထန်လာတဲ့အခါ အလွယ်တကူ စစ်မီးတောက် လောင်ပြီး ပြည်ထောင်စုကြီးပြိုကွဲခဲ့ရတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ်ကနေ လျှော့ကျသွားခဲ့တယ်။ ကမ္ဘာ့အင်အား ထိန်းညှိမှုစနစ်ပါ ပျက်သွားလို့ အင်အားနည်းတဲ့ မဖွံ့ဖြိုးသေးသော နိုင်ငံတွေဟာ ဒီကမ္ဘာ့ အင်အားထိန်းညှိမှုစနစ် ပျက်သုဉ်းမှုရဲ့ ဆိုးကျိုးကို အများအပြားခံစားခဲ့ကြရတယ်။

ကြီးကြီးမြ – တချို့သော ပြည်ထောင်စုနိုင်ငံတွေမှာလည်း ပြည်နယ်အသီးသီးမှာ ကိုယ်ပိုင်ဌာနေ ပြည်သူ့စစ်တပ်ဖွဲ့တွေ ဖွဲ့စည်းခွင့်ပေးထားခဲ့မိတာကြောင့် နောက်ပိုင်းမှာ အခက်အခဲပြဿနာတွေ ပေါ်ပေါက်ခဲ့တဲ့ သာဓကတွေလည်း ရှိခဲ့တယ်နော် ကိုစိုး။

ဘကြီးစိုး – မှန်ပါတယ်ကွယ်။ ဒါကြောင့်လည်း နိုင်ငံအတော်များများမှာ ဒါမျိုးတွေနဲ့ ပတ်သက်ရင် အထူးသတိပြုပြီး အာဏာခွဲဝေ ဆောင်ရွက်ကြတာ တွေ့ရပါတယ်။ ဥပမာပြရရင် တစ်ချိန်က ခွဲထွက်ခွင့်ပြဿနာကြောင့် ပြည်တွင်းစစ်ဖြစ်ခဲ့ဖူးတဲ့ ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်ခုရဲ့ ယနေ့ကျင့်သုံးနေတဲ့ အခြေခံဥပဒေမှာ ပြည်ထောင်စုအတွက် တစ်ခုတည်းသော စစ်တပ်သာ ဖွဲ့စည်းခွင့်ပြုထားပြီး ပြည်နယ် အသီးသီးမှာ ကိုယ်ပိုင်စစ်တပ် ဖွဲ့စည်းတည်ထောင်ခွင့်မပြုဘူးဆိုတာ တွေ့နိုင်ပါတယ်။

စိုးမြကျော် – သူတစ်ပါးရဲ့အတွေ့အကြုံတွေကို များများလေ့လာ၊ မိမိရဲ့ အခြေအနေအရပ်ရပ်နဲ့ ကိုက်ညီအောင် အသုံးပြု၊ အဲဒီလိုလုပ်နိုင်လေ အကျိုးရှိလေဖြစ်မှာပဲနော်။ ဒါထက် နိုင်ငံခြားရေးကဏ္ဍနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းမှာ သတ်မှတ်ပေးထားတဲ့ကိစ္စရပ်တွေကိုလည်း ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – နိုင်ငံခြားရေးကဏ္ဍနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုဥပဒေပြုစာရင်းမှာ သတ်မှတ်ထားတဲ့ အချက်တွေကတော့

(၁) သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် အခြားရေးရာဆိုင်ရာ ကိုယ်စားလှယ်များ၊

(၂) ကုလသမဂ္ဂ၊

(၃) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်ကို အထမြောက်စေရေး၊

(၄) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့် အထမြောက်စေရေး၊

(၅) နိုင်ငံကူးလက်မှတ်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ၊

(၆) ပြည်ဝင်ခွင့်ဗီဇာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နေထိုင်ခွင့်ပြုရေး၊ နိုင်ငံမှ ထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး၊

(၇) ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့် သက်ဆိုင်ရာနိုင်ငံမှ တောင်းဆိုရေးတို့ပဲ ဖြစ်ပါတယ်။

ကြီးကြီးမြ – နိုင်ငံခြားရေးကိစ္စတွေဟာလည်း အရေးကြီးပြီး တစ်နိုင်ငံလုံးအတွက် ချိုင့်သုံးသပ်ဥပဒေချမှတ် ဆောင်ရွက်ရတာမျိုးဖြစ်တယ်။ ဒါ့အပြင် နိုင်ငံတကာနဲ့ ကိစ္စမျိုးစုံဆက်ဆံဆောင်ရွက်ရာမှာ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အလိုက်ဥပဒေအမျိုးမျိုး ရှိနေမယ်ဆိုရင် အကျိုးထက်အပြစ်တွေ၊ နစ်နာဆုံးရှုံးမှုတွေက ပိုများနိုင်တယ်။ အခက်အခဲတွေလည်း ဖြစ်လာနိုင်တယ်။ ဒါ့ကြောင့် နိုင်ငံခြားရေးကိစ္စ တွေကိုလည်း ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်ထားရတာ ဖြစ်တယ်ကွယ့်။ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာလည်း နိုင်ငံခြားရေးနဲ့စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာကို သက်ဆိုင်ရာနိုင်ငံရဲ့ အမြင့်ဆုံးဥပဒေပြုအဖွဲ့အစည်းကိုသာ အပ်နှင်းထားလေ့ရှိကြောင်း လေ့လာတွေ့ရှိရတယ်။

ဘကြီးစိုး – ဒါပေါ့ကွယ်။ မြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်း နိုင်ငံခြားရေးကဏ္ဍနဲ့ စပ်လျဉ်းတဲ့ ဥပဒေပြုခွင့်အာဏာကို ဗဟိုအဆင့်ဖြစ်တဲ့ ပါလီမန်ကို အပ်နှင်းထားခဲ့တာပဲလေ။

စိုးမြကျော် – ယနေ့ အမျိုးသားညီလာခံက ဆောင်ရွက်နေတာတွေဟာ ကျိုးကြောင်းညီညွတ်တယ်။ ဒီမိုကရေစီ အနှစ်သာရပြည့်ဝတယ် ဆိုတာ ပေါ်လွင်နေပါတယ်။ ပြည်ထောင်စုဥပဒေပြုစာရင်းမှာ သတ်မှတ်ပေးထားတဲ့ တရားစီရင်ရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်တွေကိုလည်း ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး – တရားစီရင်ရေးကဏ္ဍနဲ့စပ်လျဉ်းပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ သတ်မှတ်ပေးထားတဲ့ ကိစ္စရပ်တွေကတော့-

(၁) တရားစီရင်ရေး၊

(၂) ရှေ့နေများ၊

(၃) ပြစ်မှုဆိုင်ရာဥပဒေများ၊ ကျင့်ထုံးများ၊

(၄) တရားမဥပဒေများ၊ ကျင့်ထုံးများအပါအဝင် ပဋိညာဉ်၊ အနုညာတစီရင်ဆုံးဖြတ်ရေး၊ တရားစွဲဆိုပိုင်ခွင့်ရှိသော နစ်နာချက်များ၊ လူမွဲအဖြစ်ခံယူခြင်း၊ ယုံမှတ်အပ်နှံခြင်းနှင့် ယုံမှတ်အပ်နှံထားသဖြင့် စီမံပိုင်ခွင့်ရှိသူများ၊ အမွေထိန်းနှင့် ပစ္စည်းထိန်း၊ မိသားစုဆိုင်ရာဥပဒေများ၊ အုပ်ထိန်းသူများနှင့် အုပ်ထိန်းခံရသူများ၊ ပစ္စည်းလွှဲပြောင်းခြင်း၊ အမွေဆက်ခံရေး၊

(၅) သက်သေခံဥပဒေ၊

(၆) ကာလစည်းကမ်းသတ်၊

(၇) အမှုတန်ဖိုးသတ်မှတ်ခြင်း၊

(၈) သီးခြားသက်သာခွင့်၊

(၉) နိုင်ငံခြားစီရင်ပိုင်ခွင့်အာဏာ၊

(၁၀)ပင်လယ်ရေကြောင်းစီရင်ပိုင်ခွင့်၊

(၁၁)ပင်လယ်ဓားပြမှုများ၊ နိုင်ငံတကာပင်လယ်ပြင်သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သော ပြစ်မှုများ၊ အပြည်ပြည်ဆိုင်ရာဥပဒေကို ဖောက်ဖျက်၍ မြေပြင် သို့မဟုတ် နိုင်ငံတကာပင်လယ်ပြင် သို့မဟုတ် ကောင်းကင်ယံ၌ ကျူးလွန်သောပြစ်မှုများ တို့ပဲဖြစ်တယ်။

ကြီးကြီးမြ – တရားစီရင် ဆုံးဖြတ်ကြရာမှာ ဆင်းရဲချမ်းသာမရွေး၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူအားလုံးအတွက် တရားဥပဒေတစ်မျိုးတည်းသာ ရှိသင့်တယ် မဟုတ်လား။ နိုင်ငံတော်ရဲ့ ဦးတည်ချက်နဲ့ စပ်လျဉ်းပြီးတော့လည်း “နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး”ဆိုတာကို အခြေခံမူတစ်ရပ်အနေနဲ့ ချမှတ်ထားတယ်လေ။ ဒါကြောင့်လည်း တရားစီရင်ရေးကဏ္ဍဆိုင်ရာ ဥပဒေပြုခွင့်တွေကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာပဲ ထည့်သွင်းထားရတာဖြစ်တယ်။

စိုးမြကျော် – မှန်ပါတယ်ကြီးကြီး။ ကျွန်တော် လေ့လာမိသလောက် တချို့ပြည်ထောင်စုနိုင်ငံတွေမှာ ပြည်နယ်တစ်ခုက ပြဋ္ဌာန်းထားတဲ့ တရားစီရင်ရေးဥပဒေတွေနဲ့ တခြားပြည်နယ်တစ်ခုက ပြဋ္ဌာန်းထားတဲ့ တရားစီရင်ရေး ဥပဒေတွေမတူတာမို့ အဲဒီလိုကွာဟမှု၊ မတူညီမှုတွေကိုမသမာသူတွေက သူတို့ကိုယ်ကျိုးအတွက် ခုတုံးလုပ်အသုံးချနေတာကြောင့် ပြဿနာတွေနဲ့ ရင်ဆိုင်နေရတယ်လို့ သိရပါတယ်။

ဘကြီးစိုး – ဒါပေါ့ကွယ်။ အဲဒါတွေကြောင့်လည်း အမျိုးသားညီလာခံကော်မရှင်၊ လုပ်ငန်းကော်မတီနဲ့ ညီလာခံကိုယ်စားလှယ်ကြီးတွေက အဲဒီကမ္ဘာ့နိုင်ငံအသီးသီးရဲ့ အခြေအနေနဲ့သာဓကတွေကို လေ့လာသုံးသပ်ပြီး ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် ချို့ယွင်းချက် အားနည်းချက် အနည်းဆုံးဖြစ်အောင်၊ အကောင်းဆုံးဖြစ်အောင် ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍတို့ကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းချမှတ်ခဲ့ကြတာပဲဖြစ်တယ်။

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ အမျိုးသားညီလာခံကြီးက မြန်မာနိုင်ငံသားအားလုံးရဲ့ အကျိုး စီးပွားကို အကောင်းဆုံးဖော်ဆောင်နိုင်အောင်၊ ဒီမိုကရေစီအနှစ်သာရလည်း ပြည့်ဝအောင် ဘက်စုံထောင့်စုံကနေ သုံးသပ်ဆောင်ရွက်ပေးနေကြောင်း အကြောင်းအရာတစ်ခု ဆွေးနွေးပြီးတိုင်း ဆွေးနွေးပြီးတိုင်းမှာ ပိုမိုပေါ်လွင်ထင်ရှားလာတာ တွေ့နေရပါတယ်ဘကြီး။ ။

အမျိုးသားညီလာခံကို ထောက်ခံဂုဏ်ပြု ဧရာဝတီတိုင်းတွင် ကတ္တရာလမ်းသစ်များဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၁

အမျိုးသားညီလာခံကို ထောက်ခံဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးသော ကျောင်းကုန်းမြို့အဝင် မင်းလမ်းကတ္တရာခင်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ရက် နံနက် ၈ နာရီတွင် ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်၊ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်တို့က လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်အား လှည့်လည်စစ်ဆေးကြည့်ရှုသည်။

အဆိုပါလမ်းမှာ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးမှ ကျောင်းကုန်းမြို့သို့ဝင်သော အဓိကလမ်းမကြီးဖြစ်ပြီး ယခင်က ပျက်စီးလျက်ရှိရာမှ ပြည်သူများလွယ်ကူချောမွေ့စွာသွားလာနိုင်ရေး အတွက် စည်ပင်သာယာရေးဦးစီးဌာနမှ ရန်ပုံငွေကျပ် ၁၅၈ ဒသမ ၅ သိန်း အကုန်အကျခံကာ ကတ္တရာထပ်ပိုးလွှာတင်ပေးသောလမ်းဖြစ်ပြီး လမ်းအရှည် ၅၁၂၂ ပေ၊ အကျယ် ၁၂ ပေရှိသော လမ်းဖြစ်ပြီး လမ်းပြီးစီးသွားသဖြင့် ပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့တော့မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ မြဝတီလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်၊ ပုသိမ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဒါးကကျေးရွာမြဝတီလမ်းသည် ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့် ဆက်သွယ်လျက်ရှိပြီး ဒါးကဘူတာမှတစ်ဆင့် ဒါးကဈေးအတွင်း ဖြတ်သန်းသွားသည့်လမ်းနှင့် တစ်ဆက်တည်းဖြစ်၍ အိမ်မဲမြို့နယ်သို့ သွားသည့်လမ်းမကြီးနှင့် တစ်ဆက်တည်းဖြစ်ခြင်း၊ သာပေါင်းမြို့နယ်နှင့် ဆက်စပ်လျက်ရှိခြင်း၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုတွင် ပြည်သူများအတွက် အချက်အခြာကျသည့်လမ်းဖြစ်ပြီး ယခုကတ္တရာလမ်းသစ် ပြီးစီးသည့်အတွက် ဒါးကကျေးရွာရှိ ပြည်သူလူထုသာမကဘဲ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူလူထုများသည် ဒါးကဘူတာ၊ ဈေးတို့ကို အဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်ပြီဖြစ်သည်။ ဒါးကကျေးရွာ မြဝတီလမ်းသည် ၂၀၀၄ ခုနှစ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သောလမ်းဖြစ်ပြီး စည်ပင်သာယာရေးဦးစီးဌာနမှ ရန်ပုံငွေကျပ် သိန်း ၄၀ ဖြင့် ကတ္တရာလမ်းသစ်အဖြစ် ပြန်လည်ဆောင်ရွက်ပေးခဲ့သောလမ်းဖြစ်သည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ၊ မြဝတီလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးလမ်းသစ်ကိုကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

✪ ရန်ကုန်တိုင်းမှ

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ်၍ အသက်(၁၄)နှစ်အောက် အာရှတံခွန်စိုက် တင်းနစ်အုပ်စု(၂) တင်းနစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Monanတို့က ပြိုင်ပွဲဝင်နိုင်ငံများမှ လူငယ်တင်းနစ် အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိ Mr. Suresh Monan က တိုင်းမှူးနှင့် မြို့တော်ဝန်တို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ပြိုင်ပွဲဝင်တင်းနစ်အားကစားသမားများနှင့် တာဝန်ရှိသူတို့က အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖွင့်ပွဲနေ့ ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပသည်။ (သတင်းစဉ်)

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းသားများနှင့် ကျေးရွာအဆင့် သင်တန်းသားများအား ဆန်းစစ်ခြင်းကို ခရမ်းမြို့နယ်တွင်ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ဆင့်ပွားသင်တန်းများ ဖွင့်လှစ်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း အခမ်းအနားများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းများနှင့် ကျေးရွာအဆင့် သင်တန်းသားများအား ဆန်းစစ်ခြင်းအခမ်းအနားများကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်တို့၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ သုံးခွမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဆင့်ပွား ဆရာဖြစ်သင်တန်းများအား ဆန်းစစ်ခြင်း အခမ်းအနားကို နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဆင့်ပွားသင်တန်းများ ဖွင့်လှစ်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က သင်တန်းသားများအား ဆန်းစစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာက ဆန်းစစ်မေးခွန်းလွှာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုနှင့်မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူ ၅၀တို့က ဆန်းစစ်မေးခွန်းလွှာများကို ဖြေဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ခရမ်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ဆင့်ပွား ဆရာဖြစ်သင်တန်းသားများအား ဆန်းစစ်ခြင်း အခမ်းအနားကို နံနက် ၁၀နာရီခွဲတွင် ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဗြဟ္မစိုရ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က သင်တန်းသားများအား ဆန်းစစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက် အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာက ဆန်းစစ်မေးခွန်းလွှာနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗဟိုနှင့်မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူ ၅၀က ဆန်းစစ်မေးခွန်းလွှာများကို ဖြေဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့် ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ကျေးရွာအဆင့် ဆန်းစစ်ခြင်းကို ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ၌ကျင်းပသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က ကျေးရွာအဆင့် သင်တန်းသား၊ သင်တန်းသူများအား ဆန်းစစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကွမ်းမိုးဒိန်းကျေးရွာမှ ကျေးရွာအဆင့် သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူ ၆၅ဦးက ဆန်းစစ်မေးခွန်းလွှာများကို ဖြေဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့် ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း ကျေးရွာအဆင့် ဆန်းစစ်ခြင်းအခမ်းအနားကို သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာ၌ ကျင်းပခဲ့သည်။

(သတင်းစဉ်)

မင်္ဂလာဗျူဟာအသင်းချုပ် ပဋ္ဌာန်းတရားနှင့် သံယုတ်သင်တန်း

ရန်ကုန် ဇန်နဝါရီ ၁၁

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာ အသင်းချုပ်တွင် ဇန်နဝါရီ ၁၄ ရက် (စနေနေ့)မှစ၍ ပဋ္ဌာန်းတရားတော်သင်တန်းကို ဆရာတော် ဦးဝါယာမသာရ(ဥဘတောဝိဘင်္ဂရေ) နှင့် ဆရာတော် ဦးဇောတိက (ညောင်တုန်း)(ဥဘတောဝိဘင်္ဂရေ)တို့က အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ ၁၀ နာရီထိ ဓမ္မဒါန သင်ကြား၍ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီထိ သံယုတ်ပါဠိတော် မြန်မာပြန်သင်တန်းကို ဒေါက်တာဦးကျော်မြင့်၊ ဒေါက်တာဦးမင်းဆွေနှင့် ဆရာကြီး ဒေါ်ဝိမလစာရီတို့က စာမေးပွဲဖြေနိုင်ရန်နှင့် သိရှိမှတ်သားလေ့ကျင့်နိုင်ရန် သင်ရိုးညွှန်းတမ်းပါ လေးဘာသာလုံးအား ဓမ္မဒါန သင်ကြားပေးမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်ဟု သိရသည်။

(၂၃)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

မျက်စိဝေဒနာရှင်များ အခမဲ့ ကုသနိုင်

ရန်ကုန် ဇန်နဝါရီ ၁၁

မန္တလေးတိုင်းကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် ဇီဝိတဒါနသံဃာ့ဆေးရုံ၌ အစ္စရေးနိုင်ငံနှင့် ဩစတြေးလျနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများသည် မျက်စိဝေဒနာရှင်များကို ဇန်နဝါရီ ၂၃ရက်မှစ၍ အခမဲ့စမ်းသပ်ခြင်း၊ ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

အီလက်ထရွန်နစ်နည်းပညာများကြောင့် အချိန်ကာလနှင့် ဒေသအကန့်အသတ်များကို ကျော်လွှားပြီး မြို့ပြနှင့်ကျေးလက် ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ ညီညီမျှမျှ ဖြစ်ပေါ်လာလျက်ရှိနေ

▲ **ကျောဖုံးမှ**

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် အခြေခံပညာ ဆရာ၊ ဆရာမများသည် နိုင်ငံတော်၏ အနာဂတ်အတွက် အရေးအပါဆုံး အရင်းအမြစ်များဖြစ်သည့် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို နိုင်ငံတော်၏ မျှော်မှန်းချက်များအစီအမံများနှင့်အညီ ဖြစ်ထွန်းလာစေရအောင် ပြုစုပျိုးထောင်ပေးနေကြသူများဖြစ်သည့်အတွက် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ပေးနေကြသည့်လူမှုရေး ဗိသုကာများဖြစ်သည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

ဤသို့နိုင်ငံတော်ကြီး၏ အနာဂတ်ကို ပုံဖော်ထုဆစ်ပေးနေကြသည့် ဆရာ၊ ဆရာမများကို ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများတွင် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်းအခြေခံများ၊ ရှေ့အနာဂတ်အလားအလာများနှင့် အမျိုးသားရေးမျှော်မှန်းချက်များကို ပိုမိုရှင်းလင်းစွာ သိမြင်စေခြင်းအားဖြင့် ဆရာ ဆရာမများအတွက် သာမက ကျောင်းသူကျောင်းသားလူငယ်များနှင့်တကွ နိုင်ငံတော်အတွက်ပါများစွာ အကျိုးဖြစ်ထွန်းစေမည်ဟုလည်း ယုံကြည်မျှော်လင့်ထားကြောင်း။

ပဓာနကျ

ယနေ့ခေတ်ကာလကဲ့သို့ သိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ထွန်းမှုများက ဦးဆောင်ပြီး အစစအရာရာကို ပြောင်းလဲတိုးတက်စေနေသည့် အချိန်အခါကာလတွင် မိမိနိုင်ငံ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု အခြေခံကောင်းများအပြင် အရည်အချင်းမြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းစေမှုသည်လည်း ပဓာနကျသည့် လိုအပ်ချက်တစ်ရပ်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် တစ်ကမ္ဘာလုံးဆက်စပ်ယှက်နွယ်ပြောင်းလဲနေသည့် ဖြစ်စဉ်နှင့် အသိပညာခေတ်တို့၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စေရန် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို အသိပညာအခြေခံသော စဉ်ဆက်မပြတ် လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းဖြစ်လာစေရန် ပညာရေးကဏ္ဍကရည်မှန်းချက်ရှိရှိဖြင့် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပညာသင်ယူနိုင်မှုအခွင့်အလမ်း ညီမျှစွာရရှိနိုင်စေရန်၊ အဆင့်မြင့် အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ရွေးချယ်သင်ယူနိုင်သည့် အခြေခံများ ဖြစ်ထွန်းလာစေရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သည့် ပညာရေးပတ်ဝန်းကျင်ကောင်းများဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖြန့်ကြက်တည်ဆောက်ထား

ဤအခြေခံကောင်းများ ဖြစ်ထွန်းလာစေရေးအတွက်လည်း အနာဂတ်ကိုမျှော်မှန်းသည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် သတင်းနှင့်ဆက်သွယ်ရေး နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ သုတေသနဌာနများ၊ ကွန်ပျူတာကွန်ရက်စနစ်များ၊ အီလက်ထရွန်နစ်စနစ်များကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးထားပြီး ဖြစ်သကဲ့သို့ ဆက်လက်တည်ဆောက်ပေးလျက်လည်း ရှိကြောင်း။

ဖွင့်လှစ်ပေးထား

အခြေခံပညာကဏ္ဍအနေဖြင့် ကြည့်မည်ဆိုလျှင် စာသင်ကျောင်းပေါင်း ၄၀၅၀၀ကျော်ကို နယ်စပ်ဒေသနှင့် ကျေးလက် အစွန်အဖျားဒေသများပါမကျန် ဖြန့်ကြက်ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အပြင် အခြေခံပညာကျောင်းပေါင်း ၁၆၅၇ ကျောင်းတွင် Multi-Media Classroom များ ဖွဲ့စည်းထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ ထို့အပြင် တက္ကသိုလ်၊ ကောလိပ်နှင့် အထက်တန်းကျောင်းများ ပါဝင်သည့် နေရာဒေသ ၆၂၄ ခုတွင် e-Education Leaning Centre များ ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

ထို့ကြောင့်သင်ယူမှုသင်ကြားမှုနယ်ပယ်တွင် အီလက်ထရွန်နစ်နည်းပညာရပ်များ၏ အကျိုးကျေးဇူးကြောင့် အချိန်ကာလနှင့် ဒေသအကန့်အသတ်များကို ကျော်လွှားပြီး မြို့ပြနှင့် ကျေးလက်ပညာသင်ယူနိုင်မှုအခွင့်အလမ်းများ ညီညီမျှမျှ ဖြစ်ပေါ်လာလျက်ရှိနေပြီဖြစ်ကြောင်း။

ဦးစီးဦးဆောင်

ဆရာ ဆရာမများအနေဖြင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရန်နှင့် သင်ကြားမှု သင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြည့်စုံစေရန် ရပ်ရွာကိုစည်းရုံးပြီး တက်တက်ကြွကြွ ဦးစီးဦးဆောင်ကြရန်လိုအပ်ကြောင်း၊ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးသည် ကျောင်းသူ ကျောင်းသားများအတွက်သာမက ဆရာ ဆရာမများ၏ စိတ်ဓာတ်မြင့်မားရေးအတွက်ပါ အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း။

စာသင်ကျောင်းများ အင်္ဂါရပ်ပြည့်စုံသည့်အပြင် ပညာရေးအရည်အသွေးမြင့်မားရေးအတွက်လည်း အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ အဓိကအားဖြင့် ဆရာ၊ဆရာမများကိုယ်တိုင် ပညာရပ်ဆိုင်ရာများကို ကျွမ်းကျွမ်းကျင်ကျင်တတ်ကျွမ်းပြီး မိမိတို့တပည့်ကျောင်းသူကျောင်းသားများကိုလည်း အမှန်တကယ်တတ်မြောက်အောင်၊ လိမ္မာရေးခြားရှိအောင်၊ ကျောင်းစည်းကမ်း၊ အရပ်စည်းကမ်းနှင့် နိုင်ငံတော်၏ တရားဥပဒေတို့ကို လေးစားလိုက်နာတတ်အောင်၊ မျိုးချစ်စိတ်ရှိအောင်၊ အမျိုးအနွယ်စောင့်သိတတ်အောင် ငယ်စဉ်အခါက သင်ကြားပေးပါမှ အရွယ်ရောက်လာသည့်အခါတွင် မိမိနိုင်ငံမိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တတ်သည့်၊ ကာကွယ်စောင့်ရှောက်နိုင်သည့် နိုင်ငံ့သားကောင်းသမီးမွန်များ ဖြစ်လာမည်ဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်အဖြစ်ခံယူ

ယနေ့ခေတ်ကာလတွင် အမျိုးသားပညာရည်မြင့်မားမှုသည် မိမိနိုင်ငံ မိမိလူမျိုး ရှင်သန်တိုးတက်ရေးအတွက် အဓိကမောင်းနှင်အား ဖြစ်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးသည်လည်း ပြည်ထောင်စုကြီးအရှည် တည်တံ့ခိုင်မြဲရေးအတွက် အဓိကအသက်သွေးကြောဖြစ်တယ်ဆိုသည်ကို လေးလေးနက်နက်ခံယူပြီး မိမိနိုင်ငံ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် ရည်မှန်းချက်ရှိရှိဖြင့် မိမိတို့၏ ပညာရေးဆိုင်ရာ တာဝန်ဝတ္တရားများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ကြိုးပမ်းထမ်းဆောင်သွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်သွားမည့် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပညာရေးကဏ္ဍက ပြုစုပျိုးထောင် မွေးထုတ်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ တိုးတက်ဖြစ်ထွန်း မြင့်မားလာစေရအောင် ပါဝင်ကြိုးပမ်း ဆောင်ရွက်ပေးကြပါဟုလည်း တစ်ဆက်တည်း တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **အမျိုးသားပညာရည်မြင့်မားမှုနှင့်တကွ မိမိရပ်ရွာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄)မှ သင်တန်းသား၊ သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယခုဖွင့်လှစ်လိုက်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းသို့ အထက်မြန်မာပြည် ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ ဆရာမ စုစုပေါင်း ၁၀၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ ဂုန်လျှော်နှင့်ဂုန်လျှော်ထွက်ပစ္စည်းများ
၇း၂၀ ရှုချင်စရာမျက်လှည့်ပဒေသာ
၇း၄၀ တေးဂီတအစီအစဉ်
၇း၄၅ အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
၈း၀၀ ဗွီစီဒီမိတ်ဆက် (ဝိုင်ဝိုင်း–အချစ်ငှက်)
၈း၂၀ ပြည်တွင်းသတင်းအကျဉ်း
၈း၂၅ တေးဂီတအစီအစဉ်
၈း၃၀ ဆန်းသစ်လှပ မြန်မာ့ကြေးဒေါင်းရွှေအလှ
၈း၄၀ မိုးလေဝသခန့်မှန်းချက်
၈း၄၅ တေးဂီတအစီအစဉ်
၈း၅၀ လယ်ယာထွန်စက်
၉း၀၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၁၀ တေးဂီတအစီအစဉ်
၉း၁၅ မေတ္တာနေခြည်အောက်မှ ကရုဏာပန်းကလေးများ (ရွှေဂုံတိုင်ကလေးပြုစုရေးဌာန)
၉း၂၀ ကာဗွန်ဒိုင်အောက်ဆိုဒ် အခဲရေခဲခြောက်
၉း၃၅ တေးဂီတအစီအစဉ်
၉း၄၀ နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (စောအဲလေးနှင့် ခွန်မောင်ကြူး)
၁၀း၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀ တေးဂီတအစီအစဉ်
၁၀း၁၅ သတိတစ်ချက် တစ်သက်အမှား (ကျော်မင်းနောင်၊ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်)
၁၀း၂၅ အသည်းရောင်အသားဝါ(ဘီ)ရောဂါအကြောင်း ဟောပြောချက်(အပိုင်း–၂) (ပါမောက္ခဦးခင်မောင်ဝင်း)
၁၀း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်းအကြောင်း သိကောင်းစရာ
၁၁း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅ တေးဂီတအစီအစဉ်
၁၁း၁၀ ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား(၃) (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
၁၁း၄၅ တေးဂီတအစီအစဉ်
၁၁း၅၀ ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ပုံ အဆင့်ဆင့်
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အချပ်ပို(၄)မျက်နှာ ဖော်ပြပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပိုလေးမျက်နှာ ဖော်ပြပါရှိပါသည်။

ကွယ်လွန်သူ မိဘများအားရည်စူး၍ ဒေါက်တာမောင်မောင်မြင့်–ဒေါက်တာမိုးမိုးလင်း၊ သား ဖြိုးဉာဏ်အောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။
(က–ပ)

ယဉ်ကျေးလိမ္မာ ကလေးအထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက်ဓမ္မာရုံ၌ ယဉ်ကျေးလိမ္မာ ကလေးအထူးတရားပွဲကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၂ရက်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဇန်နဝါရီ ၁၃၊ ၁၄နှင့် ၁၅ရက်များတွင် ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒ တို့က ဟောကြားမည်ဖြစ်ရာ ညစဉ် ၇နာရီတွင်တရားနာယူနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။
(က–ပ)

တောင်ဥက္ကလာပမြို့နယ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ ဖတ်ကြားစဉ်။
(၆၃)

ညောင်တုန်းတွင်းသစ် အမှတ်(၃၀) တူးဖော်အောင်မြင် သဘာဝဓာတ်ငွေ့ ကုဗပေ ၃ ဒသမ ၈ သန်းခန့် နေ့စဉ်ထုတ်လုပ်

ရန်ကုန် ဇန်နဝါရီ ၁၁

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့ မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ ရေနံမြေရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဦးအေးမြင့်က ညောင်တုန်းရေနံမြေ၏ လက်ရှိတူးဖော်ထုတ်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ အင်ဂျင်နီယာချုပ်(တူးဖော်ရေး) ဦးရဲခေါင်က အသစ်ထပ်မံတူးဖော်ခဲ့သော ညောင်တုန်းတွင်းသစ်အမှတ်(၃၀)ကို အောင်မြင်စွာ တူးဖော်ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် လက်ရှိထုတ်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး(ရှာဖွေရေး/ဖွံ့ဖြိုးရေး) ဦးကျော်လှိုင်က ညောင်တုန်းဒေသ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ညောင်တုန်းဒေသ၌ တွင်းသစ်များ ဆက်လက် တူးဖော်သွားနိုင်ရေး၊ဘူမိ အနေအထား ဆက်စပ်လျက်ရှိသည့် မအူပင်/ရေလဲ ကလေးဒေသ ပေနက်ပိုင်း အလား အလာများရှိသည့် ရွှေလောင်းနှင့် လက်ပံတန်းဒေသများ၌ ရှာဖွေရေး၊ တွင်းသစ်များ တိုးချဲ့တူးဖော်သွား နိုင်ရေး၊ ဆိုက်စမစ် တိုင်းတာရေး လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို မှာကြားပြီး တွင်းတူးစက်နေရာချထားမှု အစီအစဉ်နှင့် ညောင်တုန်း သဘာဝ ဓာတ်ငွေ့မြေကို နှစ်ကာလကြာရှည်စွာ ထုတ်ယူ သုံးစွဲသွားနိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက် သွားရမည့် အစီအမံများကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးက တွင်းတူး ဖော်ရေး အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တွင်းသစ်အမှတ်(၃၀)တွင် တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တွင်းသစ် အမှတ်(၃၀)မှ သဘာဝ ဓာတ်ငွေ့ကုဗပေ ၃ ဒသမ ၈ သန်းခန့်နှင့် လေဆီ (Condensate)စည် ၃၀ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းသစ်အမှတ်(၃၀)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ် သီတာလမ်းနေ မိခင်ကြီးဒေါ်ကျင်နုက သားဖြစ်သူ ဦးသိန်းတန်၏ အသက်(၆၀)ပြည့် မွေးနေ့အထိမ်းအမှတ် နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ငွေကျပ် ၅၀၈၃၀၀၀ ကို အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ငါးကျမ်းပြန်(ထားဝယ်)သာသနာ့ရိပ်သာ သုံးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် (၁၆/၃)ရပ်ကွက် ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ၌ ပြည်တွင်း၊ ပြည်ပအလှူရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းသော ပညာပါရမီ သုံးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကိုဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင်အဆိုပါကျောင်းဆောင်တတိယထပ်၌ ကျင်းပရာ အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တသောဘန၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဇာဂရာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၊ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဖရီးမောင့်မြို့ရှိ မေတ္တာနန္ဒဝိဟာရ ပဓာနနာယက ဆရာတော် ဒေါက်တာအရှင်ဓမ္မပိယအမှူးပြုသော သံဃာတော်အပါး ၉၀ ကြွရောက်တော်မူကြပြီး ပြည်တွင်း၊ ပြည်ပအလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသက ဩဝါဒကထာချီးမြှင့်၍ ပဓာန နာယက ဆရာတော် ဒေါက်တာအရှင်ဓမ္မပိယ၊ မလေးရှားနိုင်ငံ ဝိပဿနာတရားရိပ်သာမှ Dr. Wong၊ စင်ကာပူနိုင်ငံ သတိပဋ္ဌာန် ဝိပဿနာရိပ်သာမှ Mr.David Cheongတို့က ဝမ်းမြောက်ကြောင်း အသီးသီး မိန့်ကြားကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ထံမှ ရေစက်သွန်းချ အနုမောဒနာ တရားများနာယူကြသည်။

အခမ်းအနားအပြီးတွင် ပညာပါရမီကျောင်းဆောင်တော်ကြီးကို အလှူရှင်များ ကိုယ်စား ရှိုင်းဟုတ်ကုမ္ပဏီလီမိတက်မှ ဒေါက်တာဒေါ်ခင်ခင်ရီက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)

သာသနာ့ပါလဓမ္မာရုံ မိုးကုတ်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် ခေမာသီ(၁)လမ်းရှိ သာသနပါလဓမ္မာရုံ၌ ဇန်နဝါရီ၁၂၊ ၁၃၊ ၁၄ရက်များတွင် အောင်စကြာမိုးကုတ်ဆရာတော် အရှင်စန္ဒသိရီ (ဓမ္မာစရိယ)နှင့်ဇန်နဝါရီ၁၅၊၁၆ရက်များတွင် ညောင်ပင်သာ ဆရာတော်အရှင်မာလာစာရ(ဓမ္မာစရိယ)တို့ကကျေးဇူးတော်ရှင်မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ ညစဉ် ၇နာရီတွင် တရားနာယူနိုင်ကြောင်းသိရသည်။

(က-ပ)

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့်(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သော မြန်မာပြေးခုန်ပစ် အဖွဲ့ဝင်များအား မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ်ကကြီးမှူး၍ ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၇ရက်က ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇက မီတာ၁၅၀၀ပြိုင်ပွဲတွင် ရွှေတံဆိပ်ရသူ အောင်သီဟအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ခြံစည်းရိုးကြက်ဆူအောင်မြင်ဖြစ်ထွန်းစေရန်အတွက် သတိပြုရန် အချက်များ အကြံပြုနှိုးဆော်ချက်

မြန်မာနိုင်ငံအနှံ့အပြားတွင် စက်သုံးဆီဖူလုံရေးအတွက် ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန် ခြံစည်းရိုးကြက်ဆူပင်များအား အစေ့မှသော်လည်းကောင်း၊ အကိုင်းမှသော်လည်းကောင်း စိုက်ပျိုးလျက်ရှိကြပါသည်။ စိုက်ပျိုးလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းရန် လိုအပ်ပါသည်။

၁။ ခြံစည်းရိုးကြက်ဆူပင်၏ ပင်စည်နှင့် အကိုင်းများသည် အခေါင်းရှိသဖြင့် မိုးကာလတွင် ကိုင်းဖြတ်ခေါင်နှိမ်မှုပြုပါက အပင်၏ ရှင်သန်မှုကို ထိခိုက်နိုင်ပါသည်။ မိုးရွာသွန်းမှု မရှိတော့သည့် မိုးနှောင်းကာလတွင်သာ ကိုင်းဖြတ် ခေါင်နှိမ်မှု ပြုသင့်ပါသည်။

၂။ ခြံစည်းရိုးအဖြစ်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များအား မိုးနှောင်းကာလတွင် ကိုင်းဖြတ်လေ့ရှိကြပါသည်။ ကိုင်းဖြတ်တောက်ရာတွင် အပွင့်အသီးများရှိနေသော ကိုင်းဖြတ်ခြင်းအား ရှောင်ကြဉ်သင့်ပါသည်။

၃။ ဖြတ်တောက်ရရှိသော အကိုင်းများအား မြေတွင်တိုက်ရိုက်ချ၍ စိုက်ခြင်း၊ ပျိုးပေါင်၊ ပျိုးထုပ်များနှင့် စိုက်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

၄။ မြေတွင်တိုက်ရိုက်ချ၍ စိုက်ပျိုးပါက အပင်ရှင်သန်ရန် သင့်တော်သော အစိုဓာတ်ရှိရန်လိုပါသည်။ ပျိုးပေါင်၊ ပျိုးထုပ်များတွင် စိုက်ပျိုးပါကလည်း သင့်တော်သော အစိုဓာတ်ရှိရန် လိုပါသည်။

၅။ မိုးနှောင်းကာလတွင် စိုက်ပျိုးမြေများတွင် အစိုဓာတ် ဆုတ်ယုတ်မှုရှိသည့်အတွက် လုံလောက်သော အစိုဓာတ် မရှိပါက ရေလောင်းရန် လိုအပ်ပါသည်။

၆။ ပျိုးပေါင်၊ ပျိုးအိတ်များတွင် ထည့်သွင်းစိုက်ပျိုးပါကလည်း သင့်တော်သည့် အစိုဓာတ်ရှိရန် ရေလောင်းသင့်ပါသည်။

၇။ စိုက်ပျိုးမြေများတွင် ရေစိမ့်အားမကောင်းပါက ရေဝပ်၍ အပင်များပျက်စီးနိုင်မှုကိုလည်း သတိပြုရန် လိုအပ်ပါသည်။

၈။ ခြံစည်းရိုးကြက်ဆူများအား မိုးဦးကျကာလတွင် စိုက်ပျိုးပါက အသင့်တော်ဆုံးဖြစ်ပါသည်။

၉။ မိုးနှောင်းကာလတွင် စိုက်ပျိုးပါက မြေတွင်း အစိုဓာတ်မဆုတ်မီစိုက်ပျိုးခြင်း၊ အလွယ်တကူရေလောင်းနိုင်သည့် စိုက်ပေါင်၊ ပျိုးအိတ်များနှင့် ပျိုးထောင်စိုက်ပျိုး၍ မိုးဦးကျကာလတွင် ရွှေ့ပြောင်းစိုက်ပျိုးခြင်းတို့ ဆောင်ရွက်သင့်ပါသည်။

၁၀။ စိုက်ပျိုးမှုစနစ်များနှင့်ပတ်သက်၍ အကူအညီရလိုပါက နီးစပ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ရုံး၊ ဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၀၀ ၈။ မျိုးချစ်တပ်မတော်
၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ **ကာတွန်းအစီအစဉ် ပါကျဲ (အပိုင်း-၂)**
၆:၅၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တစ်ခန်းရပ်ချစ်ပုံပြင်" (အပိုင်း-၂၄)ဇာတ်သိမ်းပိုင်း**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြဝတီရဲ့မြဝတီ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပါရမီရှင်သိုင်းလုလင်" (အပိုင်း-၉)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့်စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသည့် စာပေ ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အသိပညာရှင် အတတ်ပညာရှင်များအဖွဲ့ဝင်စာရေးဆရာမကြီးဒေါက်တာမတင်ဝင်း "အထွတ်အထိပ်သို့လမ်းရိုးမှတက်ခြင်း"ခေါင်းစဉ်ဖြင့်ဟောပြောစဉ်။
(မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးနှင့် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်း၏ "အထွတ်အထိပ်သို့လမ်းရိုးမှတက်ခြင်း" ဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်တင့်တင့်နှင့် ဆရာမများနှင့် ကျောင်းသူ ၇၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင် အတတ်ပညာရှင်များအဖွဲ့ဝင် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းက "အထွတ်အထိပ်သို့လမ်းရိုးမှတက်ခြင်း" ခေါင်းစဉ်ဖြင့် အကျယ်တဝင့်ဟောပြောသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးမြင့်က ကျေးဇူးတင်စကားပြောကြားပြီး စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းအား ဟောပြောပွဲအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ ဟောပြောပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏ်ပြုချီးကျူးပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ပဲခူးတိုင်း ပဲခူးမြို့ သာသနာ့မဏ္ဍိုင် ပါဠိ တက္ကသိုလ်ကျောင်းတိုက် တိုက်အုပ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တသိရိန္ဒအား ဂုဏ်ပြုချီးကျူး ပူဇော်ပွဲနှင့် မဏ္ဍိုင်သာသနာ တိုက်တည် နှစ်(၅၀)ပြည့် သာသနာ့ပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၅ရက်(တနင်္ဂနွေနေ့)တွင်ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြရန်နှိုးဆော်ထားသည်။ (က-ပ)

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကျောင်းသား လူငယ်များအား ကျန်းမာရေး အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် ကျောင်းသားလူငယ်များအတွင်း ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများကို ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျင်းပပေးလျက်ရှိရာ ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်သော ဒေါ်သဇင်နွယ်၊ ဒေါက်တာဦးသန်းဦးနှင့် ဒေါက်တာဒေါ်ခင်မြဝင်းတို့နှင့်အတူ ရန်ကုန်တိုင်းနှင့် ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှအသင်းဝင်များ၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ အဋ္ဌမတန်းနှင့် သတ္တမတန်းတို့မှ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ကျောင်းသားလူငယ်များအတွင်း ကျန်းမာရေးအသိပညာပေးဟောပြောပွဲတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သဇင်နွယ် လူငယ်များနှင့် ပတ်သက်သော ကျန်းမာရေးအသိပညာ ဆန်းစစ်ချက် ပထမဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။
(မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း)

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သဇင်နွယ်က ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဒေါက်တာဦးသန်းဦးကကျန်းမာရေးအသိပညာများ ဟောပြောခဲ့သည်။ ဟောပြောပွဲအပြီးတွင် လူငယ်များနှင့်ပတ်သက်သော ကျန်းမာရေး အသိပညာ ဆန်းစစ်ချက်များပြုလုပ်၍ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆု စုစုပေါင်းဆုရရှိသူငါးဦးတို့အား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

မင်္ဂလာပါ ဇာတ်ကား ဆက်လက်ရုံတင် အကယ်ဒမီခုနှစ်ဆုရ လျှို့ဝှက်သောနှင်း ပြသ

မင်္ဂလာပါ

ဆက်လက် ရုံတင်ပြသလျက်ရှိသည့် မင်္ဂလာပါ ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

ရုပ်ရှင်

ရန်ကုန် ဇန်နဝါရီ ၁၁

ယခုသောကြာပတ်တွင် မြန်မာရုပ်ရှင်ကားသစ်ရုံတင်ခြင်း မရှိဘဲ ယခင် သောကြာပတ်က ရုံတင်ပြသခဲ့သည့် "မင်္ဂလာပါ" ဆေးရောင်စုံ ဇာတ်ကားနှင့် အကယ်ဒမီခုနစ်ဆု ဆွတ်ခူးထားသည့် "လျှို့ဝှက်သောနှင်း" ဇာတ်ကားတို့ ပြသနေသည်။

မင်္ဂလာပါ

အောင်ကျော်ဇေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထူးဆွေအောင်၏ ဝတ္ထုကို ဆုသြချယ် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာမီးပွား ရိုက်ကူးထားသည့် မင်္ဂလာပါ ဇာတ်ကားမှာ ကျေးလက်ဒေသနေ ရင်သွေးငယ်တို့၏ ပညာရေးအတွက် မြို့ပြမှ ကျေးလက်သို့ ဆင်းကာ ဆောင်ရွက်ကြသည့် ဘွဲ့ရလူငယ်တို့အကြောင်း ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

သရုပ်ဆောင်များ၏ ဒေသဓလေ့စရိုက်နှင့် လိုက်ဖက်စွာ သရုပ်ဆောင်မှုများကလည်း ဇာတ်ကားကို အားဖြည့်ပေးထားသည့်အတွက် ပရိသတ်အကြိုက်တွေ့သည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။ စိုင်းစိုင်းခမ်းလှိုင်၊ နေတိုး၊ မျိုးစန္ဒီကျော်နှင့် ဇာဂနာတို့ ခေါင်းဆောင် ပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့်မင်္ဂလာရုံများတွင် တစ်ပြိုင်တည်း ပြသနေသည်။

အကယ်ဒမီ ခုနစ်ဆု ဆွတ်ခူးရရှိခဲ့သည့် လျှို့ဝှက်သောနှင်း ဇာတ်ကားမှ လူမင်း၏ သရုပ်ဆောင်ဟန်။

လျှို့ဝှက်သောနှင်း

စင်ရော် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာစင်ရော်မောင်မောင် ရိုက်ကူးသည့် "လျှို့ဝှက်သောနှင်း" ဇာတ်ကားသည် ၂၀၀၄ ခုနှစ်အတွက် အကောင်းဆုံး ဇာတ်ကားဆု၊ ဒါရိုက်တာ၊ အသံ၊ တည်းဖြတ်၊ဓာတ်ပုံ၊ဇာတ်ပို့နှင့်ဇာတ်ညွှန်းဆု စုစုပေါင်း ခုနစ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။

"လျှို့ဝှက်သောနှင်း" ဇာတ်ကားသည် စင်ကာပူ၊ တောင်အာဖရိက၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံ ရုပ်ရှင်ပွဲတော်များတွင် သွားရောက်ပြသခဲ့ပြီးဖြစ်ပြီး ပြင်သစ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ သွားရောက်ပြသရန် စီစဉ်ထားသည်။

နိုင်ငံတကာအဆင့်မီ

နိုင်ငံတကာအဆင့်မီ ကင်မရာဖြင့် ရိုက်ကူးပြီး ဇာတ်ကားကူးဆေးခြင်း၊ တည်းဖြတ်ခြင်း၊ အဆင့်မြင့်တေးဂီတ၊ အဆင့်မြင့် အသံထွက်ခြင်း၊ အင်္ဂလိပ်စာတန်းထိုးခြင်းနှင့် ကွန်ပျူတာ အထူးပြုလုပ်ချက်များကို နိုင်ငံတကာအဆင့်မီ ပြုလုပ်ထားသော ဇာတ်ကားဖြစ်သည်။

ပြသ

ကချင်ပြည်နယ် ပူတာအိုမြို့မှ မတ်စောက်သော တောင်တန်းများ၊ ရေခဲရေစီးဆင်းနေသော စမ်းချောင်းများကို ခက်ခဲစွာကျော်ဖြတ်၍ ဖုန်ကမ်ရာဇီ ရေခဲတောင်ထိပ်သို့ စွန့်စားစွာ တက်ရောက် ရိုက်ကူးခဲ့သော ဇာတ်ကားဖြစ်ပြီး နိုင်ငံတကာရှိ မြန်မာပရိသတ်နှင့် နိုင်ငံခြားသားများ အားပေးကြသော ဇာတ်ကားလည်းဖြစ်သည်။ ရှေ့ဆောင်ရုံတွင်ပြသမည် ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော် အဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြသဆဲနိုင်ငံခြားရုပ်ရှင် ဇာတ်ကားတစ်ကားဖြစ်သည့် 'Four Brothers' ဇာတ်ကား ပြသလျက်ရှိသည်။ (ကြေးမုံ)

ပညာဝတီရိပ်သာကျောင်း ဆွမ်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ပညာဝတီရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ကျေးဇူးရှင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိ၏ သုံးနှစ်ပြည့်မြောက် အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၁၄ရက် (စနေနေ့) နံနက် ၇ နာရီတွင် ဘုရားအမှူးရှိသော သံဃာတော် ၅၄ပါးတို့အား အရဏ်ဆွမ်း၊ သင်္ကန်း စသည် ဆက်ကပ်လှူဒါန်း ပူဇော်မည်ဖြစ်သည်။ (က-ပ)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အသက်(၁၄)နှစ်အောက် အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့နံနက် ၈နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပသော အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ် အသက်(၁၄)နှစ်အောက် အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ၂၀၀၆ အုပ်စု(၂) (ITF 14 & Under Asian Championships 2006 Group -2) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အပြည်ပြည်ဆိုင်ရာ တင်းနစ်ဖွံ့ဖြိုးရေးအရာရှိနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားမစတင်မီ မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)မှ ကျောင်းသူများက ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကများဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် နိုင်ငံများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ မလေးရှား၊ မော်လ်ဒိုက်၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ ဗီယက်နမ်နှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ လူငယ်တင်းနစ်အားကစားသမားများ သတ်မှတ်နေရာ၌ နေရာယူကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အဖွင့်အမှာစကားပြောကြားသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✪



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပညာရေးကဏ္ဍကမွေးထုတ် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်ဖြစ်ထွန်းအောင် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်စွာဖြင့် ပါဝင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၁

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ အခြေခံပညာဆရာ ဆရာမများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

ကြေးမုံ The Mirror

ဆောင်းပါးအညွှန်း

☆ နိုင်ငံတော်အတွက် အရေးကြီးကိစ္စတွေမှာ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းမဖြစ်သင့်ဘဲ ပြည်ထောင်စုတစ်ဝန်းလုံးမှာ တစ်ပြေးညီကျင့်သုံးသင့်တယ်၊ ဥပမာ တစ်နိုင်ငံလုံးအတွက် ခြုံငုံစဉ်းစားဆောင်ရွက်ရမယ့် ကာကွယ်ရေးနဲ့ လုံခြုံရေးကိစ္စမျိုးမှာ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေက ဥပဒေအမျိုးမျိုးပြဋ္ဌာန်းနေကြမယ်ဆိုရင် တစ်နိုင်ငံလုံးရဲ့ကာကွယ်ရေးနဲ့ လုံခြုံရေးကိုစီမံရာမှာ အခက်အခဲ၊ အားနည်းချက်အမျိုးမျိုးနဲ့ ကြုံတွေ့နိုင်ပြီး အကောင်းဆုံး၊ အပြည့်စုံဆုံး၊ အခိုင်မာဆုံး ကာကွယ်ရေးနဲ့လုံခြုံရေး အစီအမံဖြစ်အောင် ဆောင်ရွက်နိုင်မှာမဟုတ်ဘူး၊ ဒါကြောင့်ကာကွယ်ရေးနဲ့လုံခြုံရေးကဏ္ဍကို ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းရတာဖြစ်တယ်။

☆ အလားတူ နိုင်ငံခြားရေးကဏ္ဍနဲ့ တရားစီရင်ရေးကဏ္ဍတွေဟာလည်း တစ်နိုင်ငံလုံးအတွက် ခြုံငုံသုံးသပ်ဥပဒေပြဋ္ဌာန်းဆောင်ရွက်မှသာ တိုင်းပြည်နဲ့လူမျိုးကို အကောင်းဆုံးအကျိုးပြုနိုင်မှာဖြစ်လို့ ဒီကဏ္ဍတွေကိုလည်း ပြည်ထောင်စုဥပဒေပြုစာရင်းမှာ ထည့်သွင်းထားရတာဖြစ်ပါတယ်။

☆ နိုင်ငံတော်ကာကွယ်ရေးဟာ နိုင်ငံတိုင်းအတွက် အသက်တမျှအရေးကြီးတဲ့ကိစ္စဖြစ်လို့ ဥပဒေအမျိုးမျိုးနဲ့ ဝိဝါဒကွဲပြားနေလို့မဖြစ်ဘူး၊ ဥပဒေတစ်ခုတည်းအောက်မှာ တောင့်တင်းတဲ့ ကာကွယ်ရေးအင်အားကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ဖို့လိုတယ်။

စိုးမြကျော်၏ ***"အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့်အနှစ်သာရ အပိုင်း(၆)"*** ဆောင်းပါး (စာမျက်နှာ-၈/၉)